Voice of Burma

*Published by Voice of Burma Information Group* *Issue No. 724 AUGUST 23, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com**

# ဒေါ်အောင်ဆန်းစုကြည် သူမ အမှုအတွက် ကိုယ်တိုင် အယူခံတင်မည်

**NEJ ၊ ဩဂုတ် ၂၁ ။ ။** ဒေါ်အောင်ဆန်းစုကြည် အတွက် အယူခံတင်သွင်းရန် ရှေ့နေများပြင်ဆင်နေကြကြောင်း ရှေ့နေကြီးဦးဉာဏ်ဝင်း ကပြောပါတယ်။

“ကျနော်တို့ရေးနေကြတယ်ဗျာ။ မပြီးသေးဘူး။ နောက်အပတ်မှာဘဲ တင်ဖြစ်မယ်ထင်ပါတယ်။ မတင်ခင် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့နိုင်မယ်လို့တော့ မျှော်လင့်တာဘဲ။ အခုထိတော့ မသိရသေးဘူး။”လို့ ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ရှေ့နေများတွေ့ဆုံနိုင်ရေးကို ယခင်က ရှေ့နေများမှတဆင့် အာဏာပိုင်များထံ တင်ပြခဲ့ရခြင်းဖြစ်သော်လည်း ယခုအခါ ဒေါ်အောင်ဆန်းစုကြည်ဘက်မှ ဆောင်ရွက်နေကြောင်းသိရပါတယ်။

“ကျနော်တို့ကဆောင်ရွက်တာမရှိသေးဘူး။ ဒေါ်အောင်ဆန်းစုကြည်က ဘဲ ဆောင်ရွက်တာပါ။ သူ့နေအိမ်တာဝန်ယူထားတဲ့ လုံခြုံရေးတာဝန်ခံတွေကတဆင့် ကျနော်တို့ရှေ့နေတွေနဲ့တွေ့ဘို့ကို အကြောင်းကြားပါတယ်။ သူတို့ခွင့်ပြုတယ်ဆိုရင် အကြောင်းကြားတဲ့ရက်မှာ သွားတွေ့ရပါတယ်။“ဟု ဦးဉာဏ်ဝင်းကပြောပါ တယ်။

နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေရသော ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်း အမေရိကန်နိုင်ငံသားမစ္စတာယက်တောဝင်ရောက်ခဲ့မှုအတွက် နအဖစစ်အုပ်စုက မေ ၁၈ ရက်တွင် နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှု ပုဒ် မ ၂၂ ဖြင့် အင်းစိန်အထူးတရားရုံး၌ ဒေါ်အောင်ဆန်းစုကြည်နှင့် အတူနေအမျိုးသမီး ၂ ဦးတို့အားတရားစွဲဆိုခဲ့သည်။

ထိုနောက် ဩဂုတ် ၁၁ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်တို့ကို အင်းစိန်အထူးတရားရုံးက အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၃ နှစ်စီချမှတ်ခဲ့ပြီး နအဖအကြီးအကဲက နေအိမ်အကျယ်ချုပ် ၁၈ လ ကျခံစေရန်နှင့် မူလတရားရုံးမှချမှတ်ခဲ့သော ပြစ်ဒဏ်တဝက်ကို ဆိုင်းငံ့ပြစ်ဒဏ်အဖြစ်ထားရှိရန် ပြည်ထဲရေးဝန်ကြီးမှတဆင့် အမိန့်ထုတ်ခဲ့သည်။

ယခုအယူခံတင်သွင်းခြင်းသည် အင်းစိန်အထူးတရားရုံးမှ ချမှတ်ခဲ့သော အလုပ်နှင့်ထောင်ဒဏ် ၃ နှစ် တရားစီရင်မှုအတွက် အယူခံတင်သွင်းခြင်းဖြစ်ပြီး နအဖ စစ်အုပ်စုက ထပ်မံကန့်သတ်ထားသော နေအိမ်အကျယ်ချုပ် ၁၈ လနှင့် သက်ဆိုင်ခြင်းမရှိပေ။ ထို့ကြောင့် အခုတင်သော အယူခံအောင်မည်ဆိုလျှင်လည်း ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ၁၈ လဖြင့် နအဖက ထိန်းသိမ်းထားဦးမည်ဖြစ်သည်။

နအဖစစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုဖြင့် တရားစွဲဆိုစီရင်ချက်ချခြင်းသည် အာဏာသက်ဝင်မှုမရှိတော့သည့် ၁၉၇၄ ခုနှစ်၊ အခြေခံဥပဒေကို အသုံးပြုခဲ့ခြင်းဖြစ်၍ သူမ၏ပါတီ အဲန်အဲယ်လ်ဒီက ပြင်းထန်စွာကန့်ကွက်ကြောင်း စီရင်ချက်ချအပြီး ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများကလည်း တရားစွဲဆိုနေစဉ်ကပင် ၁၉၇၄ ခုနှစ် အခြေခံဥပဒေသည် အာဏာသက်ဝင်မှုမရှိကြောင်း တရားရုံးသို့လျှောက်လဲ တင်ပြခဲ့ကြသည်။ သို့သော် တရားရုံးက အခြေခံဥပဒေရှိ မရှိကို အဆုံးအဖြတ်ပေး သွားနိုင်ခြင်းမရှိပေ။

# ဒေါ်စုအရေး အာဆီယံဝန်ကြီးများ ဆွေးနွေးမည်

**DVB ၊ ဩဂုတ် ၁၉ ။ ။** ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအားလုံး သဘောတူတောင်းဆိုနိုင်ဖို့ အာဆီယံဝန်ကြီးတွေ အင်ဒိုနီးရှားနိုင်ငံမှာ စုရုံးနေကြောင်း သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးအတွက် မြန်မာအာဏာပိုင်တွေဆီ အသနားခံရေးအစီအစဉ် ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာကို အာဆီယံခေါင်းဆောင်တွေ အင်ဒိုနီးရှားမှာ ၂ ရက်တာ ဆွေးနွေးဖို့ရှိနေတယ်လို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဌာနပြောခွင့်ရပုဂ္ဂိုလ်က သတင်းထောက်တွေကို ပြောပါတယ်။ ဂျကာတာမှာကျင်းပတဲ့ ညစာစားပွဲအပြီး အခုလိုပြောကြားလိုက်တာဖြစ်ပြီး တရားဝင်ဆွေးနွေးပွဲတွေကို ကြာသပတေးနဲ့ သောကြာ ၂ ရက် ကြာဆွေးနွေးမှာဖြစ်ပါတယ်။

လက်ရှိ အာဆီယံဉက္ကဋ္ဌ ထိုင်းနိုင်ငံက ဒီစဉ်းစားချက်ကို ဦးဆောင်တင်ပြမှာဖြစ်ပြီး အခြေအနေပေးရင် အကျယ်တဝံ့ဆွေးနွေးမှာဖြစ်တယ်လို့

**စာမျက်နှာ ၅ သို့**

**အမေရိကန်အမတ်ခရီးစဉ် အပြောင်းအလဲအတွက် မျှော်လင့်စရာမရှိနိုင်** **စာမျက်နှာ ၃**

**ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်ဥပဒေနဲ့ ထောင်ချသည် ရှင်းရှင်းလင်းလင်း မသိရ** **စာမျက်နှာ ၄**

**ဒေါ်စုရဲ့ နေအိမ်အကျယ်ချုပ်အပေါ် သံဃာ့တပ်ပေါင်းစု၏ သဘောထား** **စာမျက်နှာ ၁၀**

**ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး အဖြူရောင် လှုပ်ရှားမှု စတင်** **စာမျက်နှာ ၁၄**

**စစ်အစိုးရဲ့ အသွင်ကူးပြောင်းရေးအစီအစဉ် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်** **စာမျက်နှာ ၁၆**

**လူထုလှုပ်ရှားမှုနှင့် ဒီမိုကရေစီပြောင်းလဲခြင်း ဖြစ်စဉ်** **စာမျက်နှာ ၁၇**

**VOB အာဘော်**

# သတိထားရန်လိုအပ်သည့် အလှည့်အပြောင်း

အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ် မြန်မာနိုင်ငံသို့သွားရောက်ကာနအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ မတရားထိန်းသိမ်းခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရခဲ့သည်။ ထို့အပြင် ဂျွန်ယက်တောကိုလည်း အပြန်တွင်အတူခေါ်သွားနိုင်ခဲ့သည်။ မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကိုဦးစားပေးသည့်အမေရိကန်အမတ်ကို နအဖသည် ဒေါ်စုကို ပြစ်ဒဏ်ချမှတ်ခဲ့ပြီးပြီးခြင်းမှာပင် နိုင်ငံတွင်းဝင်ခွင့်ပြုလက်ခံတွေ့ဆုံခဲ့သည်။ ဒေါ်စုနှင့်လည်း တွေ့ခွင့်ပြုလိုက်သည့်နအဖ၏လုပ်ရပ်ကို အထူးသတိထားလေ့လာရန်လိုအပ်သည်။

အမေရိကန်ပြည်ထောင်စုကပြုလုပ်ထားသည့်ပြစ်ဒဏ်ခတ်အရေးယူမှုသည် နအဖအတွက် နိုင်ငံရေးအရရော စီးပွားရေးအရပါ အကြီးအကျယ်ထိခိုက်သည်ကို နအဖက အသိအမှတ်ပြုထားခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်း မြန်မာပြည်တွင်ရောက်ရှိနေစဉ်က ဒေါ်စုနှင့်တွေ့ခွင့်မပြုသည်မှာ ကုလသမဂ္ဂသည် နအဖအပေါ်ဒုက္ခမပေးနိုင်ဟုယူဆသောကြောင့်ဖြစ်သည်။ သို့သော် အမေရိကန်အမတ်ကိုမူ ခွင့်ပြုခဲ့သည်။

သမတဘားရက်အိုဘားမားအစိုးရသည် မြန်မာပြည်အပေါ်ထားသည့် အမေရိကန်နိုင်ငံခြားရေးမူဝါဒကို သုံးသပ်လျက်ရှိပြီ အသစ်တဖန်ချဉ်းကပ်မှုများဖြင့်ကြိုးပမ်းရန်စီစဉ်နေချိန်တွင် အမေရိကန်တို့နှင့် နိုင်ငံတကာအသိုင်းအဝိုင်းက တင်းမာမှုလျော့လာစေရန် ဒေါ်စုနှင့်တွေ့ခွင့်ပြုကာ မိမိတို့သည် နိုင်ငံတကာကိုလိုက်လျောမှုများလည်းရှိပါသည်ကို နအဖက ကမ္ဘာကိုပြသလို၍ဖြစ်သည်။ မရေးမနှောင်းမှာပင် အမေရိကန်အမတ်ခရီးစဉ်သည် နှစ်နိုင်ငံကောင်းကျိုးဖြစ်ထွန်းစေသည်ဟုရေးသားမှုများကို သတင်းစာများတွင်ဖော်ပြခဲ့သည်။ တချိန်တည်းမှာပင် ပြစ်ဒဏ်ခတ်အရေးယူမှုများကို ရုပ်သိမ်းပေးရန်တောင်းဆိုလာသည်။ ညှုကလီယားအစီအစဉ်မရှိပါဟု ဂျင်မ်ဝက်ဘ်ကို ပြောခဲ့သည်။

မြန်မာပြည်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အဓိကကျသောအရာများဖြစ်သည့် ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများကိုပြန်လွှတ်ပေးရေး၊ တွေ့ဆုံဆွေးနွေးရေး၊ ၂၀၀၈ အခြေခံဥပဒေပြန်လည်ပြင်ဆင်ညှိနှိုင်းဆွေးနွေးရေးများကိုမလုပ်ပဲ ဂျွန်ယက်တောကို လွှတ်ပေးခြင်း၊ ဒေါ်စုနှင့်ဂျင်မ်ဝက်ဘ်ကိုတွေ့ဆုံခွင့်ပြုခြင်းသည် မြန်မာ့ဒီမိုကရေစီရေးအတွက် တိုးတက်သောခြေလှမ်းများမဟုတ်၊ နိုင်ငံတကာဖိအားလျော့ကျရေး လုပ်ဆောင်ချက်များသာဖြစ်သည်။

၂၀၁၀ ရွေးကောက်ပွဲသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အခြေခံကျသောခြေလှမ်းဖြစ်သည်၊ ရွေးကောက်ပွဲမှတက်လာသည့် အစိုးရဖြင့် မြန်မာပြည်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို တဖြည်းဖြည်းချင်းလုပ်ဆောင်သွားသင့်သည်ဟူသောအယူအဆသည်လည်း ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည်ကိုလည်း ဒီမိုကရေစီအင်အားစုများသတိထားရန်လိုအပ်သည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီပြောင်းလဲရေးအတွက် အခြေခံကျသည့်ခြေလှမ်းဖြစ်သော်လည်း မြန်မာပြည်၏လက်ရှိအခြေအနေမှာ နအဖက အတင်းအဓမ္မပြုထားသည့် ၂၀၀၈ အခြေခံဥပဒေရှိနေသည်၊ ထိုအခြေခံဥပဒေက စစ်တပ်က နိုင်ငံရေးတွင် လက်ဝါးကြီးအုပ်ချုပ်ရေးကို တရားဝင်အာမခံချက်ပေးထားသည်။ ဤသည်က စစ်မှန်သည့်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရေးတွင် အကြီးမားဆုံးသောအဟန့်အတားကြီးဖြစ်နေသည်။ ဤအချက်ကို လတ်တလောတွင်လျစ်လျူရှုထားပြီး နောင်တွင် တဖြည်းဖြည်းပြင်ကြမည်ဟူသောအယူအဆသည် မြန်မာပြည်အနာဂတ်အတွက် လွန်စွာအန္တရာယ်ကြီးမားလှသည်။

ထို့ကြောင့် အမေရိကန်နိုင်ငံခြားပေါ်လစီပြန်လည်သုံးသပ်နေချိန်၊ ၂၀၁၀ ရွေးကောက်ပွဲကျင်းပရန် စစ်အုပ်စုကတာစူနေချိန်၊ ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာ့နိုင်ငံရေးလောကမှ ဖယ်ထုတ်ထားရန် နအဖကကြိုးပမ်းလုပ်ဆောင်နေမှု၊ ပြည်တွင်းဒီမိုကရေစီအင်အားစုများကို နှိပ်ကွပ်ထားမှု၊ အချို့သောနိုင်ငံများအဖွဲ့အစည်းများက ရွေးကောက်ပွဲအရင်ပြုလုပ်ကာ ဒီမိုကရေစီကို တဖြည်းဖြည်းချင်းပြုပြင်ပြောင်းလဲသင့်သည်ဟူသော သဘောထားအယူအဆများဖြစ်ပေါ်နေချိန်တွင် ဒီမိုကရေစီအင်အားစုများအနေဖြင့် စစ်မှန်သောဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် မြန်မာပြည်အနာဂတ်အတွက် အာမခံချက်ပေးနိုင်မည့် အခြေအနေများဖြစ်ထွန်းရေးကို ယခုနေအခါတွင် အလေးပေးလုပ်ဆောင်ကြရန် တိုက်တွန်းရပေသည်။

# ဒုက္ခသည်ကူညီရေးအတွက် ရဟတ်ယာဉ်အသုံးပြုမှု နအဖရပ်ဆိုင်းပြစ်

**RFA ၊ ဩဂုတ် ၂၀ ။** ။ နာဂစ်မုန်တိုင်းအပြီး သွားလာရေးခက်ခဲတဲ့နယ်တွေက ဒုက္ခသည်တွေကိုကူညီရာမှာ အရေးပါခဲ့တဲ့ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ WFP က ရဟတ်ယာဉ်သုံးစွဲတာကို ပြီးခဲ့တဲ့ဩဂုတ်လ ၁၅ ရက်နေ့ကစပြီး ရပ်သွားပြီ လို့သိရပါတယ်။

ဒီရပ်တန့်မှုနဲ့ပတ်သက်လို့ ရန်ကုန် WFP တာဝန်ခံ Mr. Chris Kaye လည်း အတည်ပြုတယ်လို့ဆိုပါတယ်။ ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာဌာန UN-OCHA မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Thierry Delbreuve ကတော့ ဘာ့ကြောင့် တိုးချဲ့လုပ်ဆောင်ခွင့်မရတာလည်း ဆိုတာတော့ အတိအကျမသိသေးပါဘူးလို့ RFA ကိုပြောပါတယ်။

"အမှန်အတိုင်းပြောရရင် နောက်ကွယ်ကအကြောင်းရင်းကို ကျနော်မသိပါဘူး၊ ရုံပုံငွေနည်းနေလို့လား၊ ဒါမှမဟုတ် အရေးပေါ်ကယ်ဆယ်ရေးအဆင့် ကျော်သွားတယ်လို့ ယူဆလို့လည်း ရှင်းရှင်းလင်းလင်းမသိသေးပါဘူး။" လို့ Mr. Delbreuve က ပြောသွားတာပါ။ ဆိုင်ကလုံးနာဂစ်ကယ်ဆယ်ရေးအတွက် ရဟတ်ယာဉ် ၁၀ စီးပါတဲ့ လေကြောင်းကယ်ဆယ်ရေးအဖွဲ့ကို ၂၀၀၈ မေလဆန်း နာဂစ်တိုက်အပြီး ထူထောင်ခဲ့တာဖြစ်ပါတယ်။

ကုလသမဂ္ဂစာရင်းတွေအရ ရဟတ်ယဉ်အဖွဲ့က အစားအစာနဲ့အမိုးအကာ ကူညီပေးရေးအပါအဝင် မက်ထရစ်တန်ချိန် ၁,၀၀၀ ကျော်တဲ့ ကယ်ဆယ်ရေးပစ္စည်းတွေကို ဝေးလံတဲ့နယ်တွေကို ပို့ဆောင်ကူညီပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ Mr. Thierry Delbreuve က ဒီရဟတ်ယဉ်အသုံးပြုမှု အရေးပါပုံကို အခုလိုပြောပါတယ်။

"ဒီရဟတ်ယာဉ်ပို့ဆောင်ရေးဟာ မြစ်ဝကျွန်းပေါ်ဒေသကို အပြန်ပြန်အလှန်လှန်သွားရောက်ရတဲ့ ကုလသမဂ္ဂနဲ့ NGOs အဖွဲ့တွေအတွက် အလွန်အဘိုးတန်တဲ့လုပ်ငန်းဖြစ်ပါတယ်။ မုန်တိုင်းပြီးကာစဆိုရင် ဒီလိုသွားနိုင်တဲ့အတွက် အားလုံးက အထူးတန်ဘိုးထားကြပါတယ်။ ရန်ကုန်ကနေ ဘိုကလေးကိုဘဲဖြစ်ဖြစ်၊ လပွတ္တာကို ဘဲဖြစ်ဖြစ် နာရီပိုင်းနဲ့အချိန်တိုတိုအတွင်း သွားနိုင်ကြပါတယ်။ အခုတော့ ကုန်းတတန် ရေတတန်နဲ့ အချိန်တွေကုန်ရတဲ့ အနေအထားပြန်ရောက်သွားပါတယ်။" လို့ ပြောသွားတာပါ။

အခုလိုရဟတ်ယာဉ်ပို့ဆောင်ရေး ရပ်တန့်သွားတာနဲ့ပတ်သက်လို့ တကယ်ဘဲစိတ်မကောင်းဖြစ်ရတယ်လို့ Mr. Delbreuve ကပြောကြားလိုက်ပြီး ဒီလောက်အထိအသုံးပြုခွင့် ရခဲ့တာအတွက် ကျေးဇူးတင်တယ်လို့ ပြောပါတယ်။

# အမေရိကန်အထက်လွှတ်တော်အမတ်ခရီးစဉ် မြန်မာ့နိုင်ငံရေးအပြောင်းအလဲအတွက် မျှော်လင့်စရာမရှိနိုင်

**NEJ၊ ဩဂုတ် ၁၇ ။** ။အမေရိကန်အထက်လွှတ်တော်အမတ် Mr. JimWeb b ၏ခရီးစဉ်ကြောင့် ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအပါအဝင် မြန်မာ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ မျှော်လင့်စရာမရှိကြောင်း မြန်မာ့ နိုင်ငံရေးလှုပ်ရှားနေသူများက ပြောပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူးဦးအေးသာအောင်က "သူ့ရဲ့ခရီးစဉ်ကြောင့် ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအပါအဝင် ဒီမိုကရေစီအရေးပြောင်းလဲမှုတွေရှိလာနိုင်မယ်လို့ ကျနော်မထင်ဘူး။ Mr. Yettaw ကို အမေရိကန်နိုင်ငံကို ပြန်ခေါ်သွားနိုင်တာကိုလည်း သူ့ရဲ့ကြီးမားတဲ့ ဆောင်ရွက်နိုင်မှုလို့ ကျနော်မမြင်ပါဘူး။ အရင်ကတည်းက ကျနော်ပြောနေပါတယ်။ John Yettaw ကို နယ်နှင်ဒဏ်ပေးပြီး အမေရိကန်ကိုပြန်ပို့မှာဘဲဆိုပြီး ပြောနေပါတယ်။ ဘာ့ကြောင့်ပြောနိုင်လည်းဆိုတော့ ကျနော်တို့ထောင်ထဲမှာရှိစဉ်က ပြစ်ဒဏ်ချထားတဲ့ တောင်ကိုရီးယားနိုင်ငံသားတွေကို သူ့မိခင်နိုင်ငံဆီ ပြန်ပို့တာတွေကြုံဘူးတယ်။ ထောင်ထဲမှာ ကျနော့အခန်းဘေးက တောင်ကိုရီးယားတယောက်က မပြန်ချင်ဘူး ပြောတာတောင်မရဘူး။ အတင်းပြန်ပို့လိုက်တာဘဲ။" လို့ပြောပါတယ်။

ဦးအေးသာအောင်ကဲ့သို့ အခြားသော ရန်ကုန်နိုင်ငံရေးအသိုင်းအဝိုင်းကလည်း မြန်မာစစ်အစိုးရအနေဖြင့် ထောင်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို နိုင်ငံခြားသားများမြင်တွေ့မည်ကို စိုးရွံ့သည့်အတွက် ထောင်တွင်း၌ နိုင်ငံခြားသားများကိုထားရှိရန် ဝန်လေးလေ့ရှိတယ်လို့ ပြောဆိုကြပါတယ်။ အမေရိကန်အထက်လွှတ်တော်အမတ်နဲ့ အထက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီ၏ အာရှနှင့်ပစိဖိတ်ရေးရာ ဆပ်ကော်မတီဥက္ကဌလည်းဖြစ်သူ Mr. Jim Webb သည် မြန်မာစစ်အစိုးရ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း၏ဖိတ်ကြားမှုအရ မြန်မာနိုင်ငံသို့ ၃ ရက်ကြာ လာရောက်ခဲ့ပြီး ယမန်နေ့က ခရီးစဉ်ကိုအဆုံးသတ်ခဲ့ပါတယ်။

Mr. Webb က ၎င်းရဲ့ခရီးစဉ်အတွင်း Mr. Yettaw အား ပြန်လွှတ်ပေးရန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခွင့်ရရန်နှင့် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရေးစဉ်းစားပေးရန် စတဲ့အချက် ၃ ရပ်ကို မြန်မာစစ်အစိုးရအား တောင်းဆိုခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုခဲ့ပါတယ်။ အမေရိကန်အထက်လွှတ်တော်အမတ်အနေဖြင့် Mr. Yettaw ကို ၎င်းနှင့်တပါတည်း ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Ban Ki-moon တွေ့ခွင့်မရခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံခွင့်ရခဲ့ပါတယ်။ အခုလို Mr. Jim Webb အား ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ပြုခဲ့သည့်အပေါ် NLD ပါတီပြောခွင့်ရတဦးဖြစ်သည့် ဦးအုန်းကြိုင်က

"Mr. Ban Ki-moon လာစဉ်က ဒေါ်အောင်ဆန်းစုကြည်က တရားစွဲဆိုခံနေရလို့ ပေးမတွေ့နိုင်တာပါလို့ အကြောင်းပြချင်လည်း ပြလို့ရတာဘဲလေ။ ခုချိန်ကတော့ဖြင့် သူတို့ပြောတဲ့ တရားစီရင်ရေးကာလလည်းပြီးသွားလို့ ပေးတွေ့တယ်လို့ပြောချင်လည်း ပြောနိုင်တယ်။ မည်သို့ပင်ဖြစ်စေ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခွင့်ရတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်က လက်ရှိနိုင်ငံရေးအခြေအနေကို ရှင်းပြလိမ့်မယ်ထင်ပါတယ်။ Mr. Webb ကလည်း မှန်မှန်ကန်ကန်သုံးသပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။" လို့ ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်ရန်တို့အတွက်မှာ ဆက်လက်လုပ်ဆောင်ရလိမ့်ဦးမယ်လို့ ဆက်လက်သုံးသပ်ပါတယ်။ ဗမာပြည်ကွန်းမြူနစ်ပါတီပြောခွင့်ရပုဂ္ဂိုလ် ရဲဘောဖိုးသံချောင်းကမူ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးကိစ္စမှာ Mr. Jim ၏ခရီးစဉ်အတွက် ကွဲကူးရေပါကိစ္စတခုသာ ဖြစ်တယ်လို့ပြောပါတယ်။

"ကျနော့အထင်တော့ သူမလာခင်ကတည်းက Yettaw ကိုလွှတ်မယ့်ကိစ္စ နအဖ နဲ့ပြောပြီးသား။ အဲဒါအတွက် လာတာ၊ ကျန်တဲ့ဟာက ကွဲကူးရေပါဘဲ။ စာရင်းချုပ်လိုက်တော့ အမေရိကန်နိုင်ငံကလာတဲ့ Mr. Yettaw က အမေရိကန်ကိုပြန်သွားနိုင်တယ်။ နေအိမ်အကျယ်ချုပ်ကျနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်က နေအိမ်အကျယ်ချုပ် ထပ်ကျတယ်ဆိုတော့ နစ်နာတာက ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျနော်တို့ဗမာပြည်သားတွေဘဲ။" လို့ ရဲဘော်ဖိုးသံချောင်းက သုံးသပ်ပါတယ်။

ဦးအေးသာအောင်နှင့် ရဲဘော်ဖိုးသံချောင်းတို့က နအဖ စစ်အစိုးရအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်နှင့်လူထု ပေါင်းစပ်ခွင့်မပေးလိုခြင်းကြောင့် Mr. Jim Webb တောင်းဆိုခဲ့သော ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးရေးကိစ္စမှာလည်း အောင်မြင်မည်မဟုတ်ဟု ပြောပါတယ်။

"သိပ်မကြာခင်မှာလည်း နအဖ စစ်အစိုးရက နိုင်ငံရေးထိုးစစ်တခုလုပ်လိမ့်မယ်။ ရွေးကောက်ပွဲဥပဒေ ကြေညာတာမျိုး လုပ်တော့မယ်။ သူတို့လူတွေခုန်ထွက်လာပြီး ရွေးကောက်ပွဲအတွက် စည်းရုံးတာ၊ လှုံ့ဆော်တာတွေ လုပ်နိုင်အောင်ပေါ့လေ။ တချိန်တည်းမှာဘဲ ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့သူတွေကို နှိပ်ကွပ်တာတွေလုပ်မယ်။ ဒီလိုပြင်ဆင်နေတဲ့အချိန်မျိုးမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ လူထုနဲ့ပေါင်းမိမှာ၊ ပါတီကတက်ကြွလှုပ်ရှားသူတွေနဲ့ ပေါင်းမိမှာကို နအဖ လိုလားမှာမဟုတ်ဘူး။ အဲဒီအတွက် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးမှာမဟုတ်ပါဘူး။" လို့ ရဲဘော်ဖိုးသံချောင်းက ပြောပါတယ်။

---

# ရွာသားကို အလှည့်ကျ ကင်းစောင့်ခိုင်း

**RFA၊ ဩဂုတ် ၁၉ ။** ။အဓမ္မလုပ်အားပေးစေခိုင်းမှုတွေ မြန်မာနိုင်ငံအတွင်းမှာ မရှိတော့ပါဘူးလို့ စစ်အုပ်စုကပြောဆိုနေပေမယ့် စစ်ခေါင်းဆောင်တွေ အခြေစိုက်တဲ့ နေပြည်တော်အနီး လယ်ဝေးမြို့နယ်၊ သာဝတ္ထိကျေးရွာအုပ်စုအတွင်းက ပြည်သူတွေဟာ ရထားသံလမ်းကို အလှည့်ကျကင်းစောင့်ခိုင်းနေတဲ့အတွက် ကိုယ့်အလုပ်ကိုတောင် ကိုယ်မလုပ်ရတော့တဲ့ အခြေအနေမျိုးကြုံနေရတယ်လို့သိရပါတယ်။

နေပြည်တော်နဲ့မိုင် ၂၀ လောက်ဝေးတဲ့ ရန်ကုန်–မန္တလေး ရထားသံလမ်းကို နေ့ဆိုင်းညဆိုင်း နှစ်ဆိုင်းခွဲပြီး လုပ်အားပေးကင်းစောင့်ခိုင်းနေတာဖြစ်တယ်လို့ ဒေသခံတဦးက အာရ်အက်ဖ်အေကို အခုလိုပြောပါတယ်။

"သာဝတ္ထိကျေးရွာတို့၊ ရေကျော်တို့၊ သရက်ကုန်းတို့ဆိုတဲ့ရွာတွေမှာ အခုထက်ထိ သံလမ်းကင်းစောင့်နေရတုန်းဘဲ။ သံလမ်းကင်းဆိုတာက သံလမ်းလုံခြုံမှုလို့တော့ ပြောတာဘဲ။ မစောင့်လို့ရှိရင်တော့ သူတို့ဒဏ်ငွေရိုက်တာပေါ့ဗျာ။ အရေးယူတာပေါ့။ အငှားစောင့်မယ်ဆိုရင်လည်း တရက်ကိုနှစ်ထောင်လောက်ပေးရတာကိုး။ အဲဒီတော့ အဲဒီကျေးရွာ ၇ ရွာလောက်က တော်တော်ဒုက္ခရောက်နေတယ် သာဝတ္ထိတပိုက်က။"

အခုလို အဓမ္မစေခိုင်းနေတာကြောင့် ဒေသခံပြည်သူတွေမှာ ကိုယ့်မိသားစုအတွက် ရှာဖွေလုပ်ကိုင်နေကြရာမှာ အဆင်မပြေမှုတွေ ဖြစ်ကြရတယ်လို့ ခုနက ဒေသခံကဘဲဆက်ပြောပါတယ်။

"အခုရွာတရွာမှာ အိမ်ခြေ ၅၀ ရှိတယ်ထားပါတော့ဗျာ၊ အလှည့်ကျပေါ့။ တနေ့ကိုတအိမ် ကင်းစောင့်ရတာပေါ့။ ကင်းမစောင့်နိုင်ရင် ငှားစောင့်ပေါ့။ ငှားစောင့်လို့ရှိရင်လည်း တရက်ကို နှစ်ထောင်နှုန်းပေးရတာဘဲ။ နေ့ နှစ်ထောင် ညနှစ်ထောင်၊ ကိုယ့်စားဝတ်နေရေးကတဘက် ရှာရတယ်ဗျာ။ ဒီကင်းကလည်းစောင့်နေရတယ်ဆိုတော့ ဒုက္ခရောက်တာပေါ့ဗျာ။ အများအားဖြင့် တောင်သူလုပ်တယ်ဗျာ။ နောက်ပြီးတော့ လက်လုပ်လက်စားလုပ်ကြတယ်ဗျာ။"

စစ်အစိုးရက သံလမ်းကင်း၊ မီးကင်းစတဲ့ လုပ်အားပေးခိုင်းစေမှုတွေကို မလုပ်ဘို့ ၁၉၉၉ ခုနှစ်က တရားဝင်စာထုတ်ပြီး ရဲစခန်းတွေ၊ တရားရုံးတွေနဲ့ သက်ဆိုင်ရာအစိုးရရုံးတွေမှာ စာကပ်တာတွေလုပ်ပြီး အသိပေးထုတ်ပြန်ခဲ့ပေမယ့် တကယ်လက်တွေ့မှာတော့ လုပ်အားပေးခိုင်းစေနေဆဲဘဲလို့ နေပြည်တော်နဲ့မန္တလေးအနီးတပိုက်က ဒေသခံတွေကပြောပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်ဥပဒေနဲ့ထောင်ချသည် ရှင်းရှင်းလင်းလင်းမသိရ

**DVB ၊ ဩဂုတ် ၁၈ ။** ။ အမေရိကန်နိုင်ငံက စီးပွားရေးပိတ်ဆို့မှုတချို့ ပြန်ရုပ်သိမ်းမယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်က ကန့်ကွက်စရာမရှိဘူးဆိုတဲ့ အမေရိကန် လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ်ရဲ့ပြောဆိုချက်က လွဲမှားနေတယ်လို့ ဆိုပါတယ်။

မစ္စတာ ဂျင်မ်ဝက်ဘ်က ဒီလိုပြောနေပေမယ့် ဒေါ်အောင်ဆန်းစုကြည်က သူပြောတဲ့အထဲမှာ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းရေးမပါဘူးလို့ ပြောပါတယ်။ မနေ့က ညနေပိုင်းမှာ ရှေ့နေအဖွဲ့နဲ့တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်က အခုလိုပြန်ပြောလိုက်တာလို့ ရှေ့နေတဦးဖြစ်သူ ဦးဉာဏ်ဝင်းကပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှေ့နေဦးဉာဏ်ဝင်းနဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။

"မနေ့က ညနေ ၄ နာရီကနေ ၅ နာရီအထိ တွေ့ပါတယ်။ တွေ့ချိန် ၁ နာရီအတွင်းမှာ အမှုကိစ္စတွေ ပထမဆွေးနွေးကြပါတယ်။ နောက်ကျတော့ ဒေါ်အောင်ဆန်းစုကြည်က ဆီနိတ်တာဂျင်မ်ဝက်ဘ်နဲ့ တွေ့ဆုံတဲ့အခြေအနေတွေ၊ အချက်အလက်တွေကို ကျနော်တို့ကို ပြောပြပါတယ်။"

ဂျင်မ်ဝက်ဘ် မနေ့က ဘန်ကောက်မှာ ပြောတော့ ဒီအမေရိကန်ဘက်က စီးပွားရေးပိတ်ဆို့မှုအချို့ ရုပ်သိမ်းမယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်က ကန့်ကွက်စရာမရှိဘူးဆိုတဲ့ ကိစ္စကို ဘယ်လိုရှင်းပြလဲခင်ဗျ...

"ကျနော်တို့ အဲဒီမှာပြောရင်းနဲ့ ဆန်ရှင် ကိစ္စရောက်တော့ ကျနော်က ပြောပြတယ်။ လန်ဒန်က သတင်းစာတွေမှာလည်း ဒီတိုးရစ်ဇင်ဆန်ရှင်နဲ့ ပတ်သက်ပြီး ဒေါ်စုက ရုပ်သိမ်းဖို့ပြောတယ်။ နောက် တခြားသတင်းတွေမှာလည်း ဒီအကြောင်းတွေ ပါနေတယ်ဆိုတော့ သူ ဆန်ရှင်နဲ့ပတ်သက်ပြီး လုံးဝမပြောဘူးတဲ့။ သူပြောတာက ၂၀၀၇ ခုနှစ်တုန်းက အခြေအနေမှာ ဆန်ရှင်နဲ့ပတ်သက်ပြီးတော့ သူ ရုပ်သိမ်းစရာမလိုဘူး။ သူလုပ်ထားတာ မဟုတ်ဘူး။ အဲဒီအပေါ်မှာ ဒီတိုင်းပြည်အတွက် နစ်နာတယ်၊ ထိခိုက်တယ်ဆိုရင် သူဟာ အာဏာပိုင်တွေနဲ့ ပူးတွဲပြီးတော့ ဆန်ရှင်တွေ ရုပ်သိမ်းဖို့ အဆိုပြုလိုက်တယ်။ အဲဒီအဆိုပြုချက်က ပထမပိုင်းမှာ လက်ခံသယောင်ရှိတယ်တဲ့။ ဒါပေမယ့် နောက်ပိုင်း တကယ်တမ်း ဘာမှမလုပ်ဖြစ်ဘူးဆိုတာ ဒီအကြောင်းကို ဂျင်မ်ဝက်ဘ်ကို သူ ရှင်းပြလိုက်တယ်လို့ပြောပါတယ်။ ကျန်တာကတော့ ဆက်စပ်ပြီးထင်မြင်ချက် ပေးတာတော့ သူလည်း မတတ်နိုင်ဘူးပေါ့။ သူတကယ်ပြောခဲ့တာ အဲဒါပဲ ပြောခဲ့တယ်။"

အဲဒါပဲလားခင်ဗျ။ ဒေါ်စုက ဆန်ရှင်နဲ့ ပတ်သက်ပြီး သူ့လက်ရှိမူဝါဒက...

"ဆန်ရှင်နဲ့ ပတ်သက်ရင် အဲဒါပဲပြောတာ။ သူ ၂၀၀၇ ခုနှစ်တုန်းက ဆက်ဆံရေးဝန်ကြီးနဲ့ တွေ့ဆုံနေတဲ့ကာလမှာ။"

ဦးအောင်ကြည်နဲ့ တွေ့တုန်းကပြောတာပေါ့။

"ဟုတ်ပါတယ်။"

ကျန်တဲ့ အယူခံကိစ္စနဲ့ ပတ်သက်ပြီးတော့ရော ဘာပြောလဲ ခင်ဗျ...

"အယူခံကိစ္စတွေပြောတယ်။ နောက် တရုတ်နဲ့ပတ်သက်ပြီးတော့ အိမ်နီးချင်းဩဇာရှိတဲ့နိုင်ငံရဲ့ စိုးရိမ်တဲ့အတွက် ဩဇာရှိတယ်ဆိုတာမျိုး fear and influence ပေါ့။ fear and influence နဲ့ ပတ်သက်ပြီးတော့ သူက ဒီစကားလုံး အသုံးအနှုန်းကို သူမကြိုက်ဘူးတဲ့။ တရုတ်က မြန်မာရဲ့အိမ်နီးချင်းနိုင်ငံမိတ်ကောင်းဆွေကောင်းနိုင်ငံအဖြစ် ဒီလိုပဲ သဘောထားမယ်တဲ့ ခုနလိုကြောက်လို့၊ စိုးရိမ်လို့ ဩဇာလွှမ်းမိုးတယ်ဆိုတဲ့ အသုံးအနှုန်းမျိုးကို သုံးဖို့မသင့် တော်ဘူးလို့သူကျနော်တို့ကိုပြောပါတယ်။"

အန်ကယ်လ် အဲတော့ ဂျင်ဝက်ဘ်နဲ့ တွေ့တဲ့အချိန်မှာ အခုနက ဆက်ရှင်ကို အရင်ကဟာကို ရှင်းပြတာပေါ့လေ၊ နောက် တရုတ်ကိစ္စကိုရော တခြားဘာ ပြောသေးလဲ နာရီဝက်အတွင်းမှာ...

"တခြားပြောတာက ဂျင်ဝက်ဘ်က မြန်မာနိုင်ငံဟာ နိုင်ငံတကာနဲ့ ဆက်သွယ်ဆောင်ရွက်မှုလုပ်ဖို့လိုအပ်တယ်လို့ အကြံပြုတယ်ပေါ့လေ။ သူ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့က ဒီအကြံပြုချက်ကိုသဘောတူတယ်။ သို့သော်လည်းပဲ ဆက်သွယ်ဆောင်ရွက်မှုဆိုတာ ပြည်တွင်းမှာကို စရမှာတဲ့။ ဒါမှသာ နိုင်ငံတကာနဲ့ ဆက်သွယ်ဆောင်ရွက်မှုက အကျိုးရှိမယ်လို့ သူက အဲလိုဆွေးနွေးခဲ့တယ်လို့ ကျနော်တို့ကို ပြောပြပါတယ်။"

နောက်ထပ် ဆွေးနွေးတာကရော အမှုတွဲကိစ္စပဲလားခင်ဗျ...

"ဟုတ်ပါတယ်။ အမှုကိစ္စပါပဲ။"

အယူခံက ဘယ်တော့လောက် တင်ဖြစ်မလဲ ခင်ဗျ...

"ကျနော်တို့ကတော့ ကြိုးစားနေတာပဲ။ ဒီအပတ် မှီပါ့မလားတော့ မသေချာဘူး။ လောလောဆယ် ဘယ်နေ့တင်မလဲဆိုတာ မပြောနိုင်သေးပါဘူး။"

ဒေါ်အောင်ဆန်းစုကြည်က ဂျင်မ်ဝက်ဘ်နဲ့တွေ့တယ်ဆိုတော့ အခုက ခွင့်ပြုချက်ရတဲ့သူတွေနဲ့မှ တွေ့ရမှာဆိုတော့ အိမ်စိတွေနဲ့ တွေ့ခွင့်ရဖို့ အလားအလာရှိသလားခင်ဗျ...

"အခုအချိန်တော့ မပြောနိုင်သေးဘူးဗျ။ အဲဒီ စည်းကမ်းချက်တွေက မရှင်းသေးဘူးလေ။ စည်းကမ်းချက်က ဘယ်လိုအဓိပ္ပာယ်မျိုးနဲ့ ရေးထားလဲဆိုတာ။ ဖတ်ကြည့်ရင်ကို မရှင်းဘူးဗျ။"

သူ့အိမ် လုံခြုံရေးက အရင်အကျယ်ချုပ်နဲ့ ဘယ်လိုကွာလဲ...

"အခု သူ့အိမ်ခြံဝင်းထဲမှာ ဒေါ်စုရယ်၊ ခေါ်ခင်ခင်ဝင်းရယ်၊ ဝင်းမမရယ် ဒီသုံးယောက်ပဲရှိတယ်။ လုံခြုံရေးကတော့ ခြံဝင်းအပြင်မှာပေါ့။ အရင် အကျယ်ချုပ်တုန်းက အထဲကို ကျနော်မရောက်ဖူးဘူးဗျ။ အခုမှ ရောက်ဖူးတယ်။"

ယတ်တော အမှုကိစ္စမှာ ယတ်တောကိုတော့ လွှတ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ချန်ထားတဲ့အပေါ်မှာ ဘယ်လို ရှိလဲ...

"ဒီကိစ္စက အလွန်ကြည့်မကောင်းတဲ့ ဒီဇိုင်းပဲဗျ။ ဘာပဲဖြစ်ဖြစ် ယတ်တောက ကျူးကျော်တဲ့သူပဲ။ ဘယ်လိုအကြောင်းပဲဖြစ်ဖြစ် သူ့ကို ကန့်ကွက်နေတာ မဟုတ်ပါဘူး။ သူ လွှတ်မြောက်တာ ဝမ်းသာပါတယ်။ ဒါပေမယ့် သူလွှတ်မြောက်သလို အိမ်ရှင်တွေက ဘာ့ကြောင့် အချုပ်နဲ့နေနေကြရတာလဲ။ လုံးဝကြည့်မကောင်းတဲ့ ရှုခင်းပဲလို့ ကျနော်ပြောချင်ပါတယ်။"

ဥပဒေသဘောအရ အခု ဒေါ်အောင်ဆန်းစုကြည်ကို ချတာက ၄၀၁ နဲ့ လွှတ်ပေးတာလည်း မဟုတ်ဘူး၊ ၁၀–ခ နဲ့ ထားတာလည်း မဟုတ်တော့ ဘယ်လို နားလည်လဲ ခင်ဗျ...

"အခု သတင်းစာထဲမှာ ထည့်ထားတဲ့ နိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့ရဲ့ စာအရဆိုရင် ဒေါ်စုကို တရားရုံးက ၃ နှစ်ချတယ်။ တနှစ်ခွဲကို ပယ်ဖျက်လိုက်တယ်၊ ဒါ ၄၀၁ အရ၊ တနှစ်ခွဲပယ်ဖျက်လိုက်တော့ ကျန်တဲ့တနှစ်ခွဲကိုလည်း ဆိုင်းငံ့လိုက်တယ်။ ဒါဆိုရင် ဒေါ်စုက လွှတ်မြောက်နေရမယ်လေ။ အခု မလွှတ်မြောက်ဘဲ အချုပ်ထဲရောက်တာက အဲဒီစာမှာပါတဲ့ အပိုဒ် ၆ အရ ကျခံရမယ့် တနှစ်ခွဲကိုဆိုင်းငံ့တယ်။ အဲဒီ တနှစ်ခွဲကိုပဲ ဒီထဲမှာ နေရမယ်လို့ အမိန့်ချလိုက်တာ။ အဲဒီအမိန့်က ဘယ်ဥပဒေအရချလဲ ကျနော်တို့လည်း မသိဘူးဗျ။ မသိဘူးဆိုတာထက် ကျနော်တို့ရှာကြည့်သလောက် ဥပဒေထဲမှာလည်း မတွေ့ဘူး။"

---

**မျက်နှာဖုံးမှ**

အဲဒီပုဂ္ဂိုလ် က ပြောပါတယ်။ ပြီးခဲ့တဲ့သောကြာနေ့မှာ ထုတ်ပြန်တဲ့ သတင်းတွေအရ ဒီကိစ္စကို အာဆီယံခေါင်းဆောင်တွေကြား အားလုံးလက်ခံလာအောင်၊ ဒေါ်အောင်ဆန်းစု ကြည်အား လွှတ်ငြိမ်းချမ်းသာခွင့်ပေးရေး ဗိုလ်ချုပ်သန်းရွှေဆီ အားလုံးတညီတ ညွတ်တည်း တောင်းဆိုဖို့ ကြိုးစားမယ်လို့ ထိုင်းအစိုးရက ပြောပါတယ်။

အမေရိကန်နိုင်ငံသား ရေကူးချပီယံတဦး နေအိမ်ဝင်းထဲ ရေကူးခိုးဝင်မှုကြောင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ ခိုးဝင်သူကို အာဏာပိုင်တွေက ဖမ်းဆီးထောင်ချခဲ့ပေမယ့် ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ထောင်ဒဏ် ၇ နှစ် ချမှတ်ထားတဲ့ ဂျွန်ယတ်ထောကို ချက်ချင်းလွှတ်ပေးလိုက်ပြီး အိမ်ရှင် ဒေါ်အောင်ဆန်းစုကြည်ကို အခုအချိန်အထိ အကျယ်ချုပ် ၁၈ လ ချထားဆဲဖြစ်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ဂျွန်ယတ်ထောလို လွှတ်ငြိမ်းခွင့်ပေးရန် အာဆီယံက တောင်းဆိုဖို့ပြင်နေတာဖြစ်ပါတယ်။

# စာသင်တိုက်ကုသိုလ် ဖြစ်ဆေးခန်းပိတ်လို့ ဆင်းရဲသားလူနာတွေ ဒုက္ခရောက်

**DVB ၊ ဩဂုတ် ၂၀ ။** ။ အာဏာပိုင်တွေက ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးကြိုးပမ်းနေသူတွေရဲ့အလှူကိုလက်ခံတဲ့ ဘုန်းကြီးကျောင်းရဲ့ကုသိုလ်ဖြစ်လုပ်ငန်းတွေကို ပိတ်ပင်လိုက်တဲ့အတွက် ရာနဲ့ချီတဲ့ လူနာတွေ ဒုက္ခရောက်နေကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ ကြိုးပမ်းနေတဲ့ နော်အုန်းလှတို့ အလှူကိုလက်ခံတဲ့ စာသင်တိုက်တခုက လုပ်ငန်းတွေကို အာဏာပိုင်တွေက ပိတ်ပြစ်ခဲ့တာပါ။ ရန်ကုန်တိုင်း ဒဂုံမြို့သစ်အရှေ့ပိုင်း ၁ ရပ်ကွက် အနော်ရထာလမ်းမှာရှိတဲ့ မကွေးစာသင်တိုက်မှာ ဖွင့်လှစ်ထားတဲ့ အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းနဲ့ နာရေးကူညီမှုအသင်း ဆိုင်းဘုတ်တွေကို အာဏာပိုင်တွေလာရောက်ဖြုတ်ချသွားတာပါ။ ဒီအကြောင်းကို သက်တော် ၄၆ နှစ်အရွယ်ရှိတဲ့ မကွေးစာသင်တိုက်အုပ် ကျောင်းထိုင်ဆရာတော် ဦးပါမောက္ခက မိန့်ပါတယ်။

“ဘုန်းကြီးတို့လုပ်ငန်းကတော့ အခမဲ့ဆေးခန်းတွေ ပိတ်ခံရတယ်၊ နာရေးကူညီမှု အသင်း ပိတ်ခံရတယ်၊ မေတ္တာရှင် အခမဲ့ဆေးကုခန်းရယ်၊ မေတ္တာရှင် နာရေးကူညီမှုအသင်းရယ် ဆိုင်းဘုတ်ချသွားတာပါ။ ဦးဇင်းတို့က ငှက်ဖျား၊ တုပ်ကွေး၊ ဝမ်းရောဂါ၊ လေငန်း၊ ဆီးချို၊ သွေးချို၊ ဖျားနာတာ အမျိုးမျိုးပေါ့၊ အထွေထွေရောဂါအားလုံးကုပေးတယ်၊ ခွဲစိပ်တာလည်း ကုပေးတယ်။ ၁၀ တန်းတွေကို ဘုန်းကြီးက အခမဲ့သင်ပေးနေတာလေ။ မေတ္တာရှင်တက္ကသိုလ်ဝန်ထမ်း ဘာသာစုံ ဆိုင်းဘုတ်ကိုလည်း ချခိုင်းပေမယ့် ဘုန်းကြီးက မေတ္တာရပ်ခံလို့ ခွင့်ပြုထားတယ်။ ၁၂ ရက်နေ့က ခယက ဥက္ကဋ္ဌ၊ မယက ဥက္ကဋ္ဌ၊ ရယက ဥက္ကဋ္ဌ၊ တိုင်းသာသနာရေးဦးစီးဌာန၊ မြို့နယ်ပညာရေးမှူး၊ တိုင်းပညာရေးမှူး၊ လယ်တွင်း အက်စ်ဘီ၊ သတင်းဌာန၊ ဌာနပေါင်းစုံက လာပြီး ဆိုင်းဘုတ်ချသွားတာပါ။ သူတို့က ခွင့်ပြုချက်မရသေးလို့၊ စည်ပင်သာယာကို မလျှောက်ရသေးလို့ဆိုပြီး ပြောတယ်။ အဓိက ကတော့ နော်အုန်းလှတို့ ဆွမ်းကပ်သွားလို့ နောက်နောင်ကိုလည်း ဒါနဲ့ပတ်သက်ပြီး လုံးဝလက်မခံပါနဲ့လို့ ပိတ်ပင်သွားတယ်။ လက်မှတ်ထိုးခိုင်းတာမျိုးတော့ မရှိပေမယ့် ကိုယ်ရေးရာဇဝင်အကျဉ်းကို ၂ ခါလောက် တောင်းသွားတယ်။”

ဦးပါမောက္ခရဲ့ ဦးစီးမှုအောက်မှာ သံဃာတော်အပါး ၄၀ လောက်သီတင်းသုံးနေပါတယ်။ စာသင်တိုက်မှာ တလကို လူနာခုနှစ်ရာလောက်ကို ကုသပေးနေရတဲ့ ကုသိုလ်ဖြစ်ဆေးခန်းအပြင် အခမဲ့စာသင်ကျောင်းတခုကိုလည်း ထူထောင်ထားပြီး ဆယ်တန်းကျောင်းသား ကိုးဆယ်ခန့် သင်ကြားပေးနေတာပါ။

၁၂ ရက်နေ့တုန်းက အာဏာပိုင်တွေက အဲဒီစာသင်ကျောင်းကိုပါ ပိတ်ခိုင်းပေမယ့် ကျောင်းထိုင်ဆရာတော်က မေတ္တာရပ်ခံတာကြောင့် မပိတ်ဘဲ ဆက်ဖွင့်ခွင့်ရတယ်လို့ ဆရာတော်ကမိန့်ပါတယ်၊ နာရေးကူညီမှုအသင်းကတော့ ဆိုင်းဘုတ်တင်တာ ရက်ပိုင်းသာရှိသေးပြီး ပစ္စည်းပစ္စယ စုဆောင်းတုန်းဖြစ်ပါတယ်။ ရှစ်ရက်နေ့က ဘုန်းကြီးကျောင်းရှေ့ကို အာဏာပိုင်တွေက လူအင်အား ၂၀၀ ကျော်ကျော်လောက် ဝိုင်းရံခဲ့သလို အလှူရှင်တွေက ပိတ်ပင်တဲ့ကြားက ဓာတ်ပုံ၊ ဗွီဒီယိုတွေ မှတ်တမ်းတင်ခဲ့ပါတယ်။ ဒါ့အပြင် ဆရာတော်ကျောင်းကို လှူဒါန်းနေသူတွေကိုလည်း နှောင့်ယှက်မှုတွေ၊ အဟန့်အတားတွေ လုပ်ဆောင်တဲ့အတွက် အခုအခါ ဘုန်းကြီးကျောင်းကို လာမလှူကြတော့ဘူးလို့ ဆရာတော်က မိန့်ပါတယ်။

“နောက်ဆုံးအခြေအနေကတော့ သူတို့ စောင့်ကြည့်တာလောက်ပါပဲ။ ဘုန်းကြီးတို့ ကျောင်းမှာလာလှူလို့ရှိရင် ကားတွေနဲ့လာရင် ကားနံပါတ်တွေမှတ်ပြီး အိမ်တွေလိုက်တာပေါ့၊ လန့်ဖြန့်သွားတာပေါ့၊ ဘယ်လာရဲတော့မလဲ၊ အလှူအတန်းတွေ မလာရဲတော့ဘူးပေါ့။”

ပိတ်ပင်ခံရတဲ့ ကုသိုလ်ဖြစ် ဆေးခန်းနဲ့နာရေးကူညီမှုလုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့်ရဖို့ ကြိုးပမ်းသွားမယ်လို့ ဆရာတော်က မိန့်ကြားသွားပါတယ်။

“ပြည်သူလူထုအတွက် ငဲ့ညှာပြီးတော့ ပြန်ပြီး ဖွင့်ခွင့်ရရင် ဘုန်းကြီးအတွက်ဝမ်းသာတာပေါ့။ ရှေ့ဆက်လုပ်ဖို့တော့ ဘုန်းကြီးရေစက်ရှိပါတယ်။ ခုလောလောဆယ်တော့ သူတို့ ဒေါသကြီးနေတုန်းမို့လို့ ဘုန်းကြီးရှင်းပြလဲဘာမှ အကြောင်းမထူးလောက်လို့ ရှင်းမပြေတော့ဘူး။ ဘုန်းကြီး မေတ္တာရပ်ခံပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေထိအောင် စာရေးမှာပါ။”

# စစ်အုပ်စု ကြံ့ဖွံ့အတွင်းရေးမှူး ဆမဝန်ကြီးဗိုလ်ချုပ်ဌေးဦး ဂျပန်ရောက်ရှိ

**RFA ၊ ဩဂုတ် ၂၀ ။** ။ မြန်မာစစ်အစိုးရ လယ်ယာနဲ့ဆည်မြောင်းဝန်ကြီးလည်းဖြစ်၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းရဲ့ အထွေထွေအတွင်းရေးမှူးလည်းတဲ့ ဗိုလ်ချုပ်ဌေးဦးဟာ စစ်အုပ်စုကကျင်းပဘို့ရှိတဲ့ ၂၀၁၀ ရွေးကောက်ပွဲကိစ္စ အပါအဝင်၊ ဂျပန်နိုင်ငံရဲ့အကူအညီတချို့ရရှိရေးဆွေးနွေးဘို့ ဂျပန်နိုင်ငံ၊ တိုကျိုမြို့ကို ဒီက နေ့ဩဂုတ်လ ၂၀ ရက်မှာ ရောက်ရှိကြောင်း သိရပါတယ်။

ဗိုလ်ချုပ်ဌေးဦးရဲ့ဂျပန်ခရီးစဉ်အတွင်း ဘယ်လိုဆွေးနွေးမှုတွေရှိနိုင်သလဲ သိရအောင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကို RFA က ဆက်သွယ်မေးမြန်းကြည့်ရာမှာ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ရေးဌာနစိတ်မှူး မစ္စအဲရီ ပြောတာက ဗိုလ်ချုပ်ဌေးဦး ဂျပန်နိုင်ငံကိုရောက်ရှိနေပြီဖြစ်ကြောင်း ဘယ်လိုအကြောင်းအရာတွေကို ဆွေးနွေးမယ်ဆိုတာကတော့ အခုအချိန်မှာ တရားဝင်မထုတ်ပြန်နိုင်သေးကြောင်း၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံဘို့ အစီအစဉ်ရှိကြောင်း၊ မြန်မာနိုင်ငံမှာ ပါဝင်သင့် ပါဝင်ထိုက်သူတွေ ပါဝင်နိုင်မယ့် နိုင်ငံရေးဖြစ်စဉ်မျိုး စစ်အစိုးရကလုပ်ဆောင်ပေးဘို့ ဂျပန်နိုင်ငံအနေနဲ့ အမြဲလိုလားကြောင်း ရှင်းပြခဲ့ပါတယ်။

ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူတွေကတော့ ဗိုလ်ချုပ်ဌေးဦးရဲ့ ဂျပန်နိုင်ငံခရီးစဉ်နဲ့ပတ်သက်လို့ ဆန့်ကျင်ဆန္ဒပြမှုတွေ လုပ်သွားဘို့ရှိကြောင်း တိုကျိုအခြေစိုက် မြန်မာ့ရေးရာရုံးတာဝန်ခံ ဒေါက်တာမင်းညိုက RFA ကိုပြောပါတယ်။ အခုလို ဂျပန်နိုင်ငံကိုရောက်လာတဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးရဲ့ခရီးစဉ်ဟာ နိုင်ငံရေးအရအောင်မြင်နိုင်ဘွယ်မရှိဘူးလို့ ဂျပန်ရောက်ဒီမိုကရေစီအင်အားစုတွေက သုံးသပ်ကြောင်း ဒေါက်တာမင်းညိုကရှင်းပြပါတယ်။

“ဗမာစစ်အစိုးရခေါင်းဆောင်တွေကလည်း သူတို့က ၂၀၁၀ ရွေးကောက်ပွဲမှာ ရှင်းရှင်းပြောရင်တော့ သူတို့ကိုထောက်ခံဘို့ လိုချင်တဲ့သဘောရှိတာပေါ့လေ။ ဂျပန်ကနေပြီးတော့ ဒါပေမယ့်လည်း အခုစစ်ခေါင်းဆောင်တွေက ဆုံးဖြတ်ထားတဲ့ ဒို့လမ်းဒို့ဘဲသွားမယ်ဆိုတဲ့ အခု ၂၀၀၈ ကျနော်တို့ ဖွဲ့စည်းအုပ်ချုပ်ပုံနဲ့ ဒီအတိုင်းလုပ်မယ်ဆိုရင်တော့ အခု ဂျပန်ကတောင်းဆိုနေတာက ပြောရင်တော့ NLD ရော၊ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ပါဝင်နိုင်တဲ့ တခြားတိုင်းရင်းသားခေါင်းဆောင်တွေလည်း ပါဝင်နိုင်တဲ့ ရွေးကောက်ပွဲဖြစ်မှသာလျှင် အသိအမှတ်ပြုနိုင်တဲ့ အနေအထားရှိတယ်လေ။ ကုလသမဂ္ဂကလည်း ဒီသဘောမျိုး ရောက်လာတာဖြစ်တာကြောင့်မို့ သူတို့အခု USDA က သူတို့ဘယ်လောက်လာလာ Lobby လုပ်လုပ် အောင်မြင်နိုင်မယ်လို့တော့ ကျနော်တော့မထင်ဘူး။”

ပြီးခဲ့တဲ့ ၂၀၀၃ ခုနှစ်၊ ဒီပဲယင်းတိုက်ခိုက်မှုကြီး ပြီးကတည်းက မြန်မာနိုင်ငံကို စီးပွားရေးအကူအညီတွေ ခေတ္တရပ်ဆိုင်းထားခဲ့တဲ့ ဂျပန်နိုင်ငံဟာ နောက်ပိုင်းမှာ လူသားချင်းစာနာတဲ့ အကူအညီတွေကို တိုက်ရိုက်နည်းနဲ့ဖြစ်ဖြစ်၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေကတဆင့် ဖြစ်ဖြစ် ပေးနေခဲ့ပါတယ်။ တလောတုန်းက ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရတရားရုံးက အလုပ်ကြမ်းနဲ့ထောင်ဒဏ် ၃ နှစ် မချမှတ်ခင်ရက်ပိုင်းအလိုမှာ ဂျပန်အစိုးရဟာ မြန်မာစစ်အစိုးရကို အမေရိကန်ဒေါ်လာ ၃ သန်းခွဲလောက်နဲ့ညီမျှတဲ့ အကူအညီတခု ပေးအပ်ခဲ့ပါတယ်။

အဲဒီအကူအညီဟာ စစ်အစိုးရဝန်ကြီးဌာန လက်အောက်ခံအရာရှိတွေကို စီမံအုပ်ချုပ်မှုနဲ့ပတ်သက်တဲ့ အထောက်အကူပြုသင်တန်းတွေ သင်ကြားပေးရေးအတွက် ဖြစ်ကြောင်းသိရပါတယ်။

**ကျော်ကျော်စိုး**

# ဒီမိုကရေစီဖတ်စာ

## ချာတာ ၀၈

## Charter 08

**ကျော်ကျော်စိုး ဘာသာပြန်သည်**

ယခင်တပတ်မှအဆက်

ဒီမိုကရေစီ– ဒီမိုကရေစီ၏အခြေခံအကျဆုံးသောစည်းမျဉ်းများမှာ ပြည်သူလူထုသည် အမြင့်ဆုံးအာဏာပိုင်ဖြစ်ပြီး ၄င်းတို့၏အစိုးရအား ၄င်းတို့ကိုယ်တိုင်ရွေးချယ်ခြင်းဖြစ်သည်။ ဒီမိုကရေစီတွင် အောက်ပါ အသွင်ပြင်လက္ခဏာများ ရှိပေသည်။

(၁) နိုင်ငံရေးအာဏာသည် ပြည်သူများအပေါ်တွင်တည်မှီပြီး အစိုးရတရပ်၏ တရားဝင်မှုသည် ပြည်သူများထံမှစတင်မြစ်ဖျားခံသည်။

(၂) နိုင်ငံရေးအာဏာကို ပြည်သူများ၏ရွေးချယ်မှုမှတဆင့် အသုံးချသည်။

(၃) အစိုးရတာဝန်အဆင့်ဆင့်ကိုထမ်းဆောင်သောသူများသည် အချိန်ကာလ သတ်မှတ်ချက်အတိုင်းအတာတခုအတွင်း ပြုလုပ်သောရွေးကောက်ပွဲများမှတဆင့် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရသည်။

(၄) ပြည်သူအများစု၏ဆန္ဒကိုလေးစားလိုက်နာရင်း ပြည်သူများ၏ဂုဏ်သိက္ခာ၊ လွတ်လပ်ခွင့်၊ လူနည်းစုများ၏လူ့အခွင့်အရေးများကို ကာကွယ်ပေးသည်။

ခေတ်သစ်အဓိပ္ပာယ်ဖြင့် အတိုချုပ်ဆိုရလျှင် ဒီမိုကရေစီဆိုသည်မှာ ပြည်သူများအတွက် ပြည်သူများကိုယ်တိုင်ရွေးချယ်လိုက်သည့်ပြည်သူ့အစိုးရအစစ်အမှန်ပေါ်ပေါက်စေသည့်စနစ်ဖြစ်သည်။

အခြေခံဥပဒေနှင့်အညီအုပ်ချုပ်ခြင်း–အခြေခံဥပဒေနှင့်အညီအုပ်ချုပ်ခြင်းဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ဖော်ပြထားသည့်အတိုင်း တရားရေးစနစ်နှင့် တရားရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများမှတဆင့် စည်းမျဉ်းစည်းကမ်းများကို ဖော်ဆောင်အုပ်ချုပ်ခြင်းဖြစ်သည်။ နိုင်ငံသားများ၏လွတ်လပ်ခွင့်နှင့်အခွင့် အရေးများကို ကာကွယ်ပေးခြင်း၊ အစိုးရ၏လုပ်ပိုင်ခွင့်အာဏာကို သတ်မှတ်ကန့်သတ်ခြင်း၊ ထိုရည်မှန်းချက်များသတ်မှတ်ချက်များပြည့်ဝစေရေးအတွက် အုပ်ချုပ်ရေးဆိုင်ရာလုပ်ကိုင်ဆောင်ရွက်မှုများဖြင့် ဖြည့်ဆည်းပေးခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏အဓိကလုပ်ဆောင်မှု

အာဏာရှင်စနစ်သည် ကမ္ဘာတဝှမ်းတွင် ကျဆုံးနေပြီဖြစ်သည်။ တရုတ်နိုင်ငံတွင်လည်း ဘုရင်များ၊ နယ်စားပယ်စားများခေတ်ကုန်သွားလေပြီ၊ နိုင်ငံသူနိုင်ငံသားများသည် နိုင်ငံ၏အရေးကိစ္စအားလုံး၏ အရှင်သခင်ဖြစ်လာပေပြီ။ အာဏာရှင်သဘောသက်ရောက်နေသည့် ကျွန်ုပ်တို့၏လက်ရှိလွှတ်တော်အား ကျွန်ုပ်တို့ကိုယ်တိုင် လွတ်လပ်မှု၊ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးမှု ထွန်းကားရေးဆီသို့ ဦးတည်ပြောင်းလဲကာ ပြည်သူပြည်သားများကိုယ်တိုင် အခွင့်အရေးနှင့် တာဝန်ကို ကိုယ်တိုင်သိကာ ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် ခေတ်မီနိုင်ငံသားများဖြစ်စေရေးဖြစ်သည်။

ထိုအသိစိတ်ဖြင့် တာဝန်သိသည့် အပြုသဘောဆောင်သည့် နိုင်ငံသူနိုင်ငံသားများအဖြစ်ဖြင့် အောက်ဖော်ပြပါ နိုင်ငံအုပ်ချုပ်ရေး၊ ပြည်သူ့ရေးရာအခွင့်အရေးနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်သွားမည်ဖြစ် သည်။

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် – ကျွန်ုပ်တို့အနေဖြင့် လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ညှိနှိုင်းပြင်ဆင်ရန် လိုအပ်ပါသည်။ တရုတ်နိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိုဖော်ဆောင်သည့်အနေဖြင့် အချုပ်အခြာအာဏာသည် ပြည်သူလူထုတွင်တည်မှီသည်ဆိုသည့်အခြေခံနှင့် ဗီလာဆန့်ကျင်နေသောအကြောင်းအချက်များကို ပြန်လည်ပြင်ဆင်ပြီး လူ့အခွင့်အရေးများကို အစစ်အမှန်အာမခံပေးနိုင်သည့်၊ ပြည်သူလူထုက အာဏာကို ကျင့်သုံးပိုင်ခွင့်များကို အာမခံပေးနိုင်သည့် အခြေခံဥပဒေသစ်မျိုးကို ပြန်လည်ရေးဆွဲခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ မည်သူတဦး တယောက်၊ တစုတဖွဲ့၊ ပါတီတရပ်ရပ်က ကျူးလွန်ဖောက်ဖျက်နိုင်ခြင်း မရှိရပေ။

(၂) အာဏာခွဲဝေခြင်း – ဥပဒေပြု၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်များကို သီးခြားခွဲထားသော ခေတ်မီအစိုးရအစိုးရတရပ်အား တည်ထောင်သင့်သည်။ အစိုးရ၏တာဝန်ခံမှုအတိုင်းအတာနှင့် အုပ်ချုပ်ရေးအာဏာအား အလွဲသုံးစားမှုများကိုကာကွယ်တားမြစ်သော အုပ်ချုပ်ရေးဆိုင်ရာဥပဒေတရပ်သည် လိုအပ်ပေသည်။ အစိုးရသည် အခွန်ထမ်းပြည်သူများကို တာဝန်ခံရမည်။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့နှင့် ဗဟိုအစိုးရတို့အကြား အာဏာခွဲဝေမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဖော်ပြထားသည့်အတိုင်းဖြစ်ရမည်။

(၃) ဒီမိုကရက်တစ်လွှတ်တော် – လွှတ်တော်အဆင့်ဆင့်တွင် အမတ်အဖြစ် တိုက်ရိုက်ရွေးချယ်မှုကိုပြုလုပ်သင့်ပြီး ဒီမိုကရက်တစ်လွှတ်တော်သည် တရားမျှတမှုနှင့် အခြေခံစည်းမျဉ်းများကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

(၄) သီးခြားလွတ်လပ်သောတရားစီရင်မှု – တရားဥပဒေစိုးမိုးမှုသည် ပါတီအဖွဲ့အစည်းများ၏အကျိုးစီးပွားကို ကျော်လွှားလွှမ်းခြုံထားရမည်။ တရားသူကြီးများသည် သီးခြားလွတ်လပ်ရမည်။ အခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်ကို ထူထောင်ရန်လိုအပ်ပြီး အခြေခံဥပဒေပြန်လည်သုံးသပ်မှုဆိုင်ရာကိစ္စရပ်များကို လုပ်ဆောင်ရမည်ဖြစ်သည်။ ကွန်မြူနစ်ပါတီအရာရှိများကို နိုင်ငံရေးအရ အထိအခိုက်မခံနိုင်သောအကြောင်းကိစ္စရပ်များတွင် တရားရုံးများထက်အရင် ဦးစွာဆုံးဖြတ်ခွင့်ပေးထားသည့် နိုင်ငံရေးနှင့်ဥပဒေရေးရာကော်မတီအဆင့်ဆင့်ကို အမြန်ဆုံးဖျက်သိမ်းသင့်သည်။ ပြည်သူ့ရေးရာကိစ္စများကို ပုဂ္ဂလိကအကျိုးစီးပွားအတွက်အသုံးပြုခြင်းကို တင်းတင်းကျပ်ကျပ်တားမြစ်ထားရမည်။

(၅) ပြည်သူ့ဝန်ထမ်းများအားကွပ်ကဲရေး – စစ်တပ်သည် အစိုးရ၏အမိန့်ကိုနာခံရမည်၊ ပါတီတရပ်ရပ်၏အမိန့်ကို နာခံရန်မလို၊ စစ်ရေးစစ်ရာကိစ္စရပ်များကို ပိုမိုအာရုံစိုက်လုပ်ဆောင်ရမည်။ စစ်တပ်ဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို သစ္စာစောင့်သိရမည်ဖြစ်ပြီး ပါတီစွဲကင်းရမည်။ နိုင်ငံရေးပါတီများသည် စစ်တပ်ဖွဲ့အတွင်း ဝင်ရောက်စွက်ဖက်ခြင်းကို တားမြစ်ရမည်။ ရဲတပ်ဖွဲ့ဝင်များအပါအဝင် ပြည်သူ့ဝန်ထမ်းများသည် ပါတီစွဲကင်းရမည်၊ ပြည်သူ့ဝန်ထမ်းများရွေးချယ်ရာတွင် ပါတီဝင်ဖြစ်သူကိုဦးစားပေးသည့်လက်ရှိကျင့်သုံးနေသောအစဉ်အလာကို အဆုံးသတ်ရမည်။

(၆) လူ့အခွင့်အရေးအာမခံချက် – လူ့အခွင့်အရေးကို အပြည့်အဝအာမခံပြီး လူ့ဂုဏ်သိက္ခာကို လေးစားရမည်၊ လူ့အခွင့်အရေးကော်မတီတရပ်ရှိသင့် ပြီး ထိုကော်မတီသည် အစိုးရက ပြည်သူလူထုကပေးအပ်ထားသည့်အာဏာကို အလွဲသုံးစားပြုကာ လူ့အခွင့်အရေးချိုးဖောက်မှုများမှာ တားဆီးကာကွယ်ပေးနိုင်သည့်အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီအုပ်ချုပ်သည့် ဒီမိုကရက်တစ်တရုတ်နိုင်ငံသည် နိုင်ငံသားများ၏ပုဂ္ဂလိကဆိုင်ရာလွတ်လပ်မှုကို အာမခံချက်ပေးရမည်။ မည်သူတဦးတယောက်မျှ ဥပဒေမဲ့ဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်း၊ စစ်ဆေးမေးမြန်းခံရခြင်း၊ အပြစ်ပေးခံရခြင်း

# အက်စ်အက်စ်ဧအေကို ပြည်သူ့စစ်ဖွဲ့ဖို့ သုံးကြိမ်မြောက် နအဖဖိအားပေး

**DVB ၊ ဩဂုတ် ၂၁ ။** ။ နအဖက အပစ်ရပ်အဖွဲ့တွေကို နယ်ခြားစောင့်တပ်နဲ့ ပြည်သူ့စစ်အသွင်ပြောင်းလဲရေး ဆက်တိုက်လုပ်ဆောင်နေသလို အပစ်ရပ်အဖွဲ့တွေဘက်ကလည်း ဆက်တိုက် ငြင်းပယ်မှုတွေ ဖြစ်ပေါ်နေပြီး စစ်ရေးလှုပ်ရှားမှုတွေပါ တိုးမြှင့်လာနေတယ်လို့ သိရပါတယ်။

လွန်ခဲ့တဲ့ ၁၂ ရက်နေ့တုန်းက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်က ရှမ်းပြည်တပ်မတော် မြောက်ပိုင်းစစ်ဦးစီးချုပ် ကျောက်ဝ်လွယ်မော်ကို ရှမ်းပြည်နယ် လားရှိုးမြို့စစ်တိုင်းရုံးကိုခေါ်ယူပြီး ပြည်သူ့စစ်အသွင်ပြောင်းဖို့ ထပ်မံပြောဆိုခဲ့ပါတယ်။ ဒီအကြိမ်ဟာ ရှမ်းပြည်တပ်မတော်ကို သုံးကြိမ်မြောက် တိုက်တွန်းမှုဖြစ်သလို ရှမ်းပြည်တပ်မတော် မြောက်ပိုင်ကလည်း လက်မခံတဲ့အကြောင်း ပြန်လည်ပြောဆိုခဲ့ပါတယ်။ ဒီအကြောင်းကို SSA ဒုစစ်ဦးစီးချုပ် ဗိုလ်မှူးကြီး ကျောက်ဝ်ကိုင်ဖက ပြောပါတယ်။

“ဘာမှ မထူးပါဘူး။ ဒီအတိုင်းဆွေးနွေးတယ်၊ ဘယ်လိုဆက်လုပ်မယ်၊ ဘယ်လိုဖြစ်မယ်၊ အဲ့ဒါလောက်ပါပဲ။ နဂိုက ကိုယ်တွေ လုပ်ထားတဲ့အတိုင်းပါပဲ။ နဂိုကတည်းက မဖြစ်နိုင်တဲ့အကြောင်းပါပဲ။ ”

ဇူလိုင်လ ၂၇ ရက်နေ့က တကြိမ် လားရှိုးအခြေစိုက် စစ်တိုင်းရုံးပဲ ရမခ တိုင်းမှူးနဲ့တွေ့တုန်းကလည်း ပြည်သူ့စစ်အသွင်ပြောင်းလဲဖို့ လက်မခံတဲ့ အကြောင်း SSA က အကြောင်းပြန်ကြားခဲ့သေးတယ်လို့ သူက ပြောပါတယ်။ အဲ့လို လက်မခံတာကြောင့် နအဖဘက်က ဖိအားပေးမှု ဘာမှမရှိပါဘူးလို့ သူက ပြောပါတယ်။ ဒါပေမယ့် ရှမ်းပြည်တပ်မတော်မြောက်ပိုင်း ထိန်းချုပ်ရာ နယ်မြေထဲကို နအဖက သူတို့ လက်အောက်က သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့တွေကို ဝင်ရောက်ခြေကုပ်ယူဖို့ လှုပ်ရှားတာရှိတယ်လို့ ရှမ်းသတင်းစဉ်က လက်ထောက်အယ်ဒီတာ ဦးစိန်ကြည်က ပြောပါတယ်။ ရမခ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်ဟာ အခုလ ၂ ရက်နေ့က SSA မြောက်ပိုင်း ထိန်းချုပ်နယ်မြေ မျက်နှာချင်းဆိုင်မှာ တပ်စိုက်တဲ့ တပ်ရင်းမှူးတွေ၊ တပ်ခွဲမှူးတွေကိုခေါ်ယူတွေ့ဆုံပြီး ဒေသခံပြည်သူ့စစ်တွေကို နယ်မြေခံတပ်တွေနဲ့ ပူးတွဲလိုက်ခိုင်းပြီး SSA ထိန်းချုပ်နယ်မြေတွေထဲ ထိုးဖောက်စခန်းချဖို့ ညွှန်ကြားခဲ့တယ်လို့ ဆိုပါတယ်။

“ရှမ်းပြည် မြောက်ပိုင်း တန့်ယန်းမြို့နယ် ခွန်ဆာလူပေါင်းက ဌာနေပြည်သူ့စစ် SSA မြောက်ပိုင်းတပ်မဟာ ၁ နယ်မြေထဲကို နအဖတွေရဲ့ ညွှန်ကြားချက်ကို မလွန်ဆန်နိုင်လို့ သူတို့ကလိုက်ပါရတယ်လို့ တချို့လက်အောက်ငယ်သားတွေက ပြောပြတယ်။ လောဝ်မားဦးဆောင်တဲ့ မိုင်းဟဌာနေပြည်သူ့စစ် မိုင်းရယ်မြို့နယ် သူတို့ နှစ်ဖွဲ့က နအဖစစ်ကြောင်းတွေနဲ့ အတူ လိုက်ပါရတာပေ့ါ။ သူတို့ လုပ်နည်းလုပ်ဟန်က ကိုးကန့်ဘက်က ပုံစံမျိုးပေ့ါ။ သူတို့က အမျိုးမျိုးသွေးထိုးစမ်းကြည့်တယ်၊ အပစ်ရပ်တွေ ထိန်းချုပ်တဲ့ နယ်မြေထဲကို သူတို့စစ်ကြောင်းတွေလွှတ်လှုပ်ရှားတယ်၊ အရပ်စကားပြောရင် ခဏခဏခြေထောက်တက်နင်းကြည့်တာပေ့ါ။ ဆန့်ကျင်ဘက်က ဘာမှမတုန့်ပြန်ဘူး ဆိုရင် တဖြည်းဖြည်းကမ်းတက်မှာပေ့ါ။”

ဦးစိန်ကြည်ပြောဆိုချက်အတိုင်းပဲ ရှမ်းပြည်တပ်မတော်တောင်ပိုင်း ပြောခွင့်ရသူ စိုင်းလောဝ်ဆိုင်ကလည်း နအဖက ရှမ်းပြည်တပ်မတော်မြောက်ပိုင်းနဲ့ ဝပြည်သွေးစည်း ညီညွတ်ရေးပါတီကို မချိတ်မိအောင် ဗျူဟာမြောက် ပိုင်းခြားလိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်နေတယ်လို့ရှင်းပြပါတယ်။

“သံလွင်မြစ်တလျှောက်မှာ သူတို့ အင်အားဖြည့်ထားတယ်ဆိုတာ မဟာဗျူဟာမြောက်၊ နည်းဗျူဟာမြောက်အရ ပိုင်းခြားထားပဲဖြစ်ပါတယ်။ UWSA နဲ့ SSAN အကြားမှာ အင်အားဖြတ်တောက်တာပဲ ဖြစ်တယ်လို့သုံးသပ်မိပါတယ်။”

ရှမ်းပြည်တပ်မတော်တောင်ပိုင်းနဲ့ SSA မြောက်ပိုင်း ပြန်လည်ပေါင်းစည်းရေးအလားအလာနဲ့ ပတ်သက်လို့ မေးမြန်းရာမှာ စိုင်းလောဝ်ဆိုင်က နအဖဖိအားပေးတဲ့အပေါ်မှာ မူတည်တယ်လို့ဖြေဆိုပါတယ်၊ ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ အပစ်ရပ်အဖွဲ့တွေ နယ်ခြားစောင့်တပ်အသွင်ပြောင်း၊ ပြည်သူ့စစ်အသွင်ပြောင်းပြီး မြန်မာ့တပ်မတော်အောက် သွတ်သွင်းဖို့ နအဖရဲ့ကမ်းလှမ်းချက်ကို ရှမ်းပြည်တပ်မတော်မြောက်ပိုင်း သာမကပဲ ကျန်အပစ်ရပ်တိုင်းရင်းသား အဖွဲ့တွေကလည်း လက်မခံဘဲ တိုင်းပြည်ငြိမ်းချမ်းပြီး ဒီမိုကရေစီ အစိုးရတက်တဲ့ အခါကျမှသာ ဆွေးနွေးမယ်လို့အကြောင်းပြန်ကြပါတယ်။

ဒ့ါအပြင် အတင်းအကျပ် ဖိအားပေးလွန်းရင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပျက်မယ်လို့ သတိပေးပြောဆိုမှုရှိသလို အဲဒီအတွက် ပြင်ဆင်နေကြတယ်ဆိုတဲ့သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အပစ်ရပ်ထားတဲ့ကာလမှာ နိုင်ငံရေးဆွေးနွေးပွဲတွေမလုပ်နိုင်ပေမယ့် နှစ်ဘက်အသေအပျောက်နည်းခဲ့၊ တိုက်ပွဲကုန်ကျစရိတ် နည်းခဲ့သလိုသလို ရွာသားတွေလည်း စစ်ဒဏ်ကနေ ကင်းခဲ့ပါတယ်။ ဒ့ါအပြင် အပစ်ရပ်အဖွဲ့တွေဟာလည်း အကန့်အသတ်နဲ့ နယ်မြေဖွံ့ဖြိုးရေးနဲ့ စီးပွားရေးလုပ်ခွင့်တွေ ရခဲ့ကြပါတယ်။

---

**တဖက်မှ**

မရှိစေရ၊ လုပ်အားပေးခြင်းမှတဆင့်ပြန်လည်ပညာပေးခြင်း ဆိုသည့်စနစ်ကို ဖျက်သိမ်းပစ်ရမည်။

(၇) ပြည်သူ့ဝန်ထမ်း၊ ကိုယ်စားလှယ်ရွေးချယ်ခြင်း – လူတကိုယ် မဲတပြားစနစ်အား အခြေခံသည့် ဒီမိုကရေစီနည်းကျရွေးကောက်ပွဲများအတွက် ပြည့်စုံကောင်းမွန်သောစနစ်ရှိရမည်၊ နိုင်ငံ၊ ပြည်နယ်၊ ခရိုင်၊ မြို့အဆင့်ဆင့် အုပ်ချုပ်ရေးအကြီးအကဲများကို တိုက်ရိုက်ရွေးချယ်မှုကို စနစ်တကျပြုလုပ်ရမည်။ အချိန်ကာလသတ်မှတ်ချက်နှင့်အညီပြုလုပ်သောလွတ်လပ်သောရွေးကောက်ပွဲများနှင့် ထိုရွေးကောက်ပွဲများတွင်ပါဝင်ပိုင်ခွင့်ဆိုသည်နှင့် နိုင်ငံသူနိုင်ငံသားများကို မည်သည့်နည်းနှင့်မျှခွဲခြား၍မရပေ။

(၈) ကျေးလက်–မြို့ပြညီမျှရေး – အဆင့်နှစ်ဆင့်ခွဲအိမ်ထောင်စုမှတ်ပုံတင်စနစ်ကို ဖျက်သိမ်းရမည်။ ယခုလက်ရှိစနစ်သည် မြို့ပြနေသူများအား ဦးစားပေးထားပြီး ကျေးလက်နေသူများအား နစ်နာစေသည်။ ထိုအစား နိုင်ငံသူနိုင်ငံသားအားလုံး ဖွဲ့စည်းပုံအခြေခံပါအခွင့်အရေးများကို တူညီစွာရရှိစေပြီး နိုင်ငံတွင်း၌ မည်သည့်အရပ်ဒေသတွင်မဆို လွတ်လပ်စွာရွေးချယ် အခြေချနေထိုင်ခွင့်ကို ပေးသည့်စနစ်တခုကို ထူထောင်ရမည်။

(၉) လွတ်လပ်စွာအသင်းဖွဲ့စည်းခွင့် – နိုင်ငံသူနိုင်ငံသားများက အဖွဲ့အစည်း များဖွဲ့စည်းပိုင်ခွင့်ကို အာမခံချက်ပေးရမည်။ အစိုးရမဟုတ်သော အဖွဲ့အစည်း များဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ အတည်ပြုချက်ယူရမည်ဆိုသည့်လက်ရှိစနစ်နေရာတွင် အဖွဲ့အစည်းများသည် မိမိတို့ဘာသာမိမိတို့ဖွဲ့စည်းထားသည်ဆိုသည့် လွယ်ကူရိုးရှင်းသည့်စနစ်ဖြင့် အစားထိုးရမည်။ နိုင်ငံရေးပါတီများဖွဲ့စည်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများနှင့်အညီဖြစ်စေရမည်။ ထိုအတွက် ပါတီတရပ်ရပ်ကသာ လက်ဝါးကြီးအုပ်ထားသည့်အထူးအခွင့်အရေးကို ဖျက်သိမ်းပစ်ရမည်ဖြစ်ပြီး နိုင်ငံရေးပါတီများအကြား လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဆိုင်ရာအခြေခံစည်းမျဉ်းများကို အာမခံရမည်။

(၁၀) လွတ်လပ်စွာစုရုံးပိုင်ခွင့် – ဖွဲ့စည်းပုံအခြေခံက ငြိမ်းချမ်းစွာစုရုံးပိုင်ခွင့်၊ ဆန္ဒပြပိုင်ခွင့်၊ ကန့်ကွက်ခွင့်၊ လွတ်လပ်စွာဆန္ဒထုတ်ဖော်ပြသခွင့်စသည်တို့သည် နိုင်ငံသားတို့၏အခြေခံအခွင့်အရေးများဖြစ်သည်။ အာဏာရပါတီနှင့် အစိုးရတို့သည် အခြေခံဥပဒေနှင့်ညီညွတ်မှုမရှိပဲ တားမြစ်ကန့်သတ်ခြင်း၊ တရားမဝင် ဝင်ရောက်စွက်ဖက်ခြင်းများကို လုပ်ဆောင်ခွင့်မပြုစေရ။

(ဆက်လက်ဖော်ပြပါမည်)

# ရန်ကုန်တိုင်းမြို့နယ်တွေမှာ ဘုန်းကြီးစွမ်းအားရှင်တွေဖွဲ့

**RFA ၊ ဩဂုတ် ၂၀ ။** ။ သံဃာတော်တွေဦးဆောင်တဲ့ စက်တင်ဘာရွှေဝါရောင်အရေးအခင်း နှစ်ပတ်လည်ကာလ နီးလာတာနဲ့အမျှ ရန်ကုန်မြို့တဝိုက်မှာ သံဃာ့လှုပ်ရှားမှုတွေ တကျော့ပြန်ပြီးဖြစ်မလာနိုင်အောင် ထိန်းချုပ်ဖို့ရည်ရွယ်ပြီး ဘုန်းကြီးစွမ်းအားရှင်အဖွဲ့တွေကို ရန်ကုန်တိုင်းက မြို့နယ် ၁၀ မြို့နယ်မှာ ဖွဲ့စည်းလိုက်တယ်လို့ သိရပါတယ်။

သာသနာသန့်ရှင်းရေး ထိန်းသိမ်းရေးအဖွဲ့လို့ အမည်ပေးထားတဲ့ အဲဒီအဖွဲ့တွေကို သံဃာအများစုကတော့ ဘုန်းကြီးစွမ်းအားရှင်အဖွဲ့တွေလို့ သတ်မှတ်ကြတဲ့အကြောင်း ရန်ကုန်သံဃာတော် အသိုင်းအဝိုင်းကပြောပါတယ်။ အဲဒီအဖွဲ့တွေကို မြို့နယ်အလိုက် သံဃာ့မဟာနာယကအဖွဲ့တွေကနေ ပြီးခဲ့တဲ့ မေလကစတင်ပြီး ဖွဲ့စည်းနေတာဖြစ်တယ်လို့ သိရပါတယ်။ သံဃာ့လှုပ်ရှားမှုတွေပေါ်လာရင် ကြိုတင်တားဆီးဘို့နဲ့ အထက်အဆင့်ဆင့်ကို အကြောင်းကြားဘို့ စတဲ့ အခုလက်ရှိအရပ်သား စွမ်းအားရှင်အဖွဲ့တွေလို အသုံးပြုဘို့ဖြစ်တဲ့အကြောင်း ရန်ကုန်မြို့မှာသတင်းသုံးတဲ့ ကျောင်းထိုင်ဆရာတော်တပါးက အာရ်အက်ဖ်အေကိုမိန့်ပါတယ်။

“ကျောင်းတိုက်တွေကနေပြီးတော့ ဆယ့်လေးငါးပါးလောက်ကို ဘယ်သူကဥက္ကဌ၊ ဘယ်သူကအတွင်းရေးမှူးဆိုပြီး ရွေးလိုက်တယ်၊ သံဃာထဲက ဆယ့်လေးငါးပါးလောက် ရသွားတော့ မယက အဖွဲ့ထဲကပါတယ်။ ရဲတပ်ဖွဲ့ထဲကပါတယ်။ လဝက ထဲကပါတယ်။ ရပ်ကွက်တိုင်းမှာရှိတဲ့ ရယက ဥက္ကဌနဲ့ ရာအိမ်မှူးများသည်လည်း သာသနာထိန်းသိမ်းစောင့်ရှောက်ရေးထဲမှာ အလိုလိုဘဲပါတယ်။ အဲဒီတော့ အဲဒီအဖွဲ့အစည်းက အင်အားတောင့်သွားပြီ၊ သို့သော် သံဃာအများစုက သဘောမတူကြဘူး။ နာမည်ကတော့ သာသနာထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ အသုံးချတော့ ဘုန်းကြီးစွမ်းအားရှင်လိုအသုံးချတယ်။”

ဆက်ပြီးတော့လည်း ဆရာတော်က အခုလောလောဆယ် ရန်ကုန်က ဘုန်းကြီးကျောင်းတွေရဲ့ အဝင်အထွက်တွေနဲ့ ပတ်ဝန်းကျင်လမ်းထိပ်တွေမှာ နယ်ထိန်းရဲ၊ ရယက၊ စွမ်းအားရှင် စတာတွေနဲ့ အမြဲစောင့်ကြည့်နေကြပြီး သံဃာတော်တွေဘယ်ကိုကြွတယ်၊ ဘယ်ကပြန်လာတယ် စသဖြင့် မေးမြန်းစုံစမ်းတာတွေလုပ်နေတယ်လို့ မိန့်ပါတယ်။ တခြားကျောင်းတိုက်တခုက ဆရာတော်တပါးကတော့ သူတို့ကျောင်းပတ်ဝန်းကျင်မှာ စစ်ဆင်ရေးတခုလုပ်တော့မယ့်ပုံစံတွေနဲ့ စစ်ဆေးမေးမြန်းမှုတွေလုပ်တာကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတယ်လို့မိန့်ပါတယ်။

“အော်ပရေးရှင်းတခုအတွက်လို ရည်ရွယ်ပြီး အဆင်သင့်ပြင်ထားတာတွေတော့ ရှိပါတယ်ဒကာကြီး။ ဘုန်းကြီးကျောင်းဆိုတာ သာသနာ့နယ်မြေလို့ ပြောလို့ရတာပေါ့။ သာသနာ့နယ်မြေကို သာသနာ့ဝန်ထမ်းရဟန်းတွေ သွားတယ် လာတယ် ဝင်တယ် ထွက်တယ်ဆိုတာ ဘာများဆိုးဆိုးဝါးဝါးရှိလို့လည်း၊ ဦးဇင်းတို့အနေနဲ့ စိတ်အနှောင့်အယှက်ဖြစ်တာတော့ အမှန်ဘဲ။ ကတုံးနဲ့သင်္ကန်းနဲ့ဆို သူတို့မှာရန်သူကြီးလိုဘဲ သူတို့မှာမြင်ပုံရတယ်။ ဦးဇင်းတို့မှာ အဲလိုဘဲခံစားရတယ်။”

ရန်ကုန်ကဆရာတော်တွေ မိန့်ကြားခဲ့တာပါ။ အဲဒါတွေအပြင် ဘုန်းကြီးကျောင်းမှာအလှူအတန်းလာလုပ်တဲ့ ဒကာဒကာမတွေကိုလည်း ဘယ်ကလည်း ဘာအတွက်လာလှူရတာလည်း စသဖြင့် လိုက်ပြီးမေးမြန်းနေတာကြောင့် အလှူအတန်းဒါနလုပ်ကြတာကို အဟန့်အတားဖြစ်နေတယ်လို့ မိန့်ကြားပါတယ်။

---

## ကျောက်ပန်းတောင်းမှာလှုံ့ဆော်စာ ဖြန့်ဝေ

**DVB ၊ ဩဂုတ် ၁၉ ။** ။ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးနဲ့ သံဃာတွေဦးဆောင်တဲ့ လှုပ်ရှားမှုတွေဖြစ်လာရင် ပြည်သူတွေပါဝင်ဖို့ လှုံ့ဆော်ထားတဲ့ စာဖြန့်ဝေမှု မန္တလေးတိုင်း ကျောက်ပန်းတောင်း မြို့နယ်မှာ ဖြစ်ပွားခဲ့တယ်လို့ မြို့ခံတချို့က ပြောပါတယ်။

ကျောက်ပန်းတောင်းမြို့ ဈေးကြီးနဲ့ လူစည်ကားတဲ့နေရာတွေမှာ ၂ ရက်ဆက်တိုက်ဖြန့်ဝေခဲ့တာလို့ ကိုယ်တိုင်လုပ်ဆောင်ခဲ့သူတဦးက ပြောပါတယ်။ ဒီလှုံ့ဆော်စာထဲမှာ ကဗျာတပုဒ်ပါဝင်တဲ့ အကြောင်းကို သူက ပြောပြပါတယ်။

“ခေါင်းစဉ်က “ဟေ့ ဆိုပြီးတော့ မတရားမှု စုရုံးရာကို တရားရုံးလို့ခေါ်မှာလား၊ တရားဓမ္မကို ချုပ်နှောင်ထားတာဟာ မတရားမှုများစွာကို ကျူးလွန်တာပဲ၊ လွတ်လပ်မှုကို တောင်းဆိုတာနဲ့ပဲ ချုပ်နှောင်မှုကို ခံရမှာလား၊ ပြည်သူ့အတွက် တရားပျက်၍ လူသားအချင်းချင်း တရားကင်းစွာရှိကြသူတွေကို အမှားမြင်သူ တရားရှင်တို့က အဓမ္မကျွန်မခံ တွန်းလှန်မယ်ဟေ့ ”ဆိုတဲ့ ကဗျာတပုဒ်ပါ။ ကျောက်ပန်းတောင်းမှာ ၂၀၀၇ စက်တင်ဘာ အရေးအခင်းတုန်းက အောက်မကျခဲ့ဘူး။ ရှေ့ကနေ နေခဲ့တယ်။ ခုတခါ ရဟန်းတွေ ထွက်လာခဲ့ရင်လည်း ချက်ချင်းလိုက်ထွက်ကြ၊ ဒေါ်အောင်ဆန်းစုကြည်အတွက် အဖြူရောင်အင်္ကျီတွေ ဝတ်ဆင်ကြလို့ရေးထားတယ်။ အောက်စာကြောင်းက ဖရီးအောင်ဆန်းစုကြည် ဆိုပြီး ပါတယ်။ ဈေးထဲမှာရော၊ ရပ်ကွက်တွေထဲမှာရော ဖြန့်တယ်။”

ဒီစာဖြန့်ဝေရတဲ့ ရည်ရွယ်ချက်နဲ့ပတ်သက်ပြီး ဆက်ပြောတာကတော့...

“မကြာသေးခင် ကာလအတွင်းမှာ မြေလတ် ၁၁ မြို့နယ်က သီးခြားအနေနဲ့ပဲ ဖြစ်ဖြစ်၊ တနိုင်ငံလုံးအနေနဲ့ပဲ ဖြစ်ဖြစ် ရဟန်းတွေက သံဃာ့တပ်ပေါင်းစုက တိုင်ပင်ခေါ်တဲ့အခါပဲဖြစ်ဖြစ် လူထုက အဆင့်သင့်ဖြစ်နေဖို့ပါပဲ။ သူတို့နောက်ကနေ လူထုက ချက်ချင်းထွက်လိုက်လာအောင်လို့ လူထုကိုတပ်လှန့်ပေးတဲ့ သဘောပါပဲ။ ထွက်မှာကတော့ နိုင်ငံရေးသမားတွေ လုပ်တာက သိပ်မအောင်မြင်လောက်ဘူးဗျ။ ရဟန်းထွက်လို့ရှိရင် လူတွေက မနေနိုင်ဘူးလေ။ ရဟန်းထွက်လို့ရှိရင် ဦးဆောင်တဲ့လူ ၄၀ လောက်က နောက်ကနေလိုက်မယ်။ ဒါဆို ပါလာမယ်ပေါ့။ သဘောက အားကောင်းပါတယ်။ လူထုက ရှေ့ကဦးဆောင်တဲ့ လူပဲ လိုတာပါ။ လူထုကို တပ်လှန့်ပေးထားတဲ့ သဘောပါပဲ။”

ဒီစာဖြန့်ဝေမှုကြောင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း လုံခြုံရေး အထူးတင်းကြပ်ထားတယ်လို့ သူက ပြောသွားပါတယ်၊ လွန်ခဲ့တဲ့ တပတ်တုန်းက ပြက္ခဒိန်အရွယ်အစားရှိတဲ့ ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံနဲ့ လွှတ်ပါလို့ရေးထားတဲ့ စာတွေ မြို့အနှံ့လိုက်ကပ်ခဲ့ပြီး မိနစ်ပိုင်းအတွင်းမှာပဲ အာဏာပိုင်တွေက လိုက်ခွာခဲ့တယ်လို့ မြို့ခံတချို့က ပြောပါတယ်။

---

## ကူညီသူများနေ့ ရန်ကုန်မှာ ကျင်းပ

**DVB ၊ ဩဂုတ် ၁၉ ။** ။ ကမ္ဘာ့ လူသားချင်းစာနာကူညီသူများနေ့ အခမ်းအနားတခု ဒီနေ့ရန်ကုန်မှာ ကျင်းပခဲ့ကြောင်း သိရပါတယ်။

ဒါဟာ ကမ္ဘာတလွှား ပထမဆုံးအကြိမ်ကျင်းပတာဖြစ်ပြီး ကမ္ဘာတလွှားက အကူအညီလိုအပ်နေသူတွေအတွက် အသက်ပေးခဲ့သူတွေ၊ စွန့်လွှတ်အနစ်နာခံခဲ့သူတွေကို အမှတ်ရတဲ့အနေနဲ့ ဒီနေ့ ဩဂုတ် ၁၉ ရက်မှာ ‘ကမ္ဘာ့ လူသားချင်းစာနာကူညီသူများနေ့အဖြစ် ပထမဦးဆုံး စတင်ဂုဏ်ပြုနေကြပါတယ်။ မြန်မာပြည်မှာလည်း အထူးသဖြင့် နာဂစ်မုန်တိုင်းဘေးမှာ ကြိုးပမ်းကူညီခဲ့သူတွေ၊ မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးအတွက် ကူညီထောက်ပံ့သူတွေကို ချီးကျူးဂုဏ်ပြုကြပါတယ်၊ ရန်ကုန် ကုလသဂ္ဂရုံးက ဦးဆောင်ကျင်းပတဲ့ အဲဒီအခမ်းအနားကို လူသားချင်းစာနာကူညီရေးအဖွဲ့တွေ တက်ရောက်ပါတယ်။ လူသားချင်းစာနာကူညီရေးဆိုင်ရာ ညှိနှိုင်းရေးမှူး ကုလသမဂ္ဂဌာနေကိုယ်စားလှယ် ဘီရှိုးပါရာဂျူလီက အခုလိုပြောပါတယ်။

“ဆိုင်ကလုန်းမုန်တိုင်းဘေးသင့်ဒေသတွေမှာ အကူအညီလိုနေသူတွေကို ချီးကျူးတယ်”လို့ ပြောကြားပါတယ်။ နာဂစ်မုန်တိုင်းလွန်ကာလ အကူအညီပေးရေးဆိုင်ရာ အာဆီယံအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်ကိုယ်စား ဒေါက်တာ နီကင်ဂန်ဒီနီက ပြောကြားရာမှာ “မုန်တိုင်းဘေးသင့်ဒေသက အကူအညီ အသည်းအသန်လိုအပ်နေတဲ့သူတွေကို ကူညီဖို့အတွက် ညီညွတ်ကြပါစို့၊ ခိုင်ခိုင်မာမာလက်တွဲကြပါစို့၊ ဘေးဒုက္ခရောက်နေသူတွေဟာ အကူအညီတွေကို စောင့်မျှော်နေပါတယ်”။

**ဩဂုတ် ၁၇၊ BKK**။။ အမေရိကန်မှ ပိတ်ပင်မှုအချို့ကို လျှော့ပေါ့ခြင်းအပေါ် ဒေါ်အောင်ဆန်းစုကြည်သည် ကန့်ကွက်မည်မဟုတ်ဟု သဘောတပြခဲ့ကြောင်း မြန်မာအပေါ် အမေရိကန်ပေါ်လစီသစ် တောင်းဆိုသူ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ ခွင့်ရခဲ့သူ အမေရိကန်အမတ် Jim Webb မှဆို၏။

**ဩဂုတ် ၁၇၊ AP**။။ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ ခွင့်ရခဲ့သူ Jim Webb ၏ နအဖ ထိပ်သီးနှင့်တွေ့ပြီး ထောင် ၇ နှစ် အပြစ်ပေးခံရသူ အမေရိကန်နိုင်ငံသား Yettaw လွှတ်ခဲ့သော်လည်း အာဏာရှင်နိုင်ငံများသည် အမေရိကန်များကို ပြန်ပေးစွဲ ဈေးကိုင်ခြင်းတိုးမည် စိုးရိမ်ကြောင်း အမေရိကန်ဆိုင်ရာ ကုလသံဟောင်း John Bolton မှဆို၏။

**ဩဂုတ် ၁၇၊ Philadelphia Inquirer** ။။ ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ကျူးကျော်ဝင်ရောက်ခဲ့သူ Yettaw အား လွှတ်ခြင်းသည် Jim Webb ၏ မြန်မာအပေါ် ပိတ်ပင်မှုမသုံးရေး၊ မြန်မာနှင့်ဆက်ဆံရေးမူကြောင့် နအဖ ဗိုလ်သန်းရွှေ၏ ကျေးဇူးဆပ်ခြင်းဟု ဦးအောင်ဒင် USCB မှ ဝေဖန်၏။

**ဩဂုတ် ၁၇၊ CNN** ။။ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပြီးချမ်းသာခွင့်ဖြင့်လွှတ်ရန် နအဖ ထံတောင်းဆိုရန် အာဆီယံနိုင်ငံများမှ ကြိုးပမ်းနေကြောင်း Jim Web မှဆို၏။

**ဩဂုတ် ၁၇၊ Heritage သတင်းအာဘော်** ။။ အိုဘားမားအစိုးရ၏ ဒီမိုကရက်တစ်ပါတီမှ နအဖ အား မပိတ်ပင်ရေးမူသုံးလိုသူအမတ် Jim Webb ကြောင့် Yettaw လွှတ်လာမှုသည် နအဖ အား ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက်ထိန်းသိမ်းဖမ်းဆီးထားရန် အခွင့်ကောင်းပေးကာ အမေရိကန်၏ ညံ့ဖျင်းသောကိုင်တွယ်မှုဖြစ်သည်။

**ဩဂုတ် ၁၇၊ VOA**။။ နအဖ သည် နျူကလီးယား သိပ္ပံပညာရှာနေသည်ဟု ဒီအချက်သည် မမှန်ကန်ဟု နအဖ မှဆိုကြောင်း J Webb မှဆို၏။

**ဩဂုတ်၁၇၊ Mizzima**။။ စနေနေ့က အာရှတော်ဝင်ဆေးခန်းတွင် နှလုံးခွဲစိတ်ကုသခဲ့သူ ဦးဝင်းတင်သည် သက်သာကာ ဆေးရုံမကြာမီဆင်းရမည်။

**ဩဂုတ် ၁၇၊ Mizzima** ။။ နေပြည်တော်တွင်တာဝန်ကျ ဝန်ထမ်းများသည် မကြာမီ အခမဲ့အိမ်လခ၊ ရေ၊ မီးခများ ဆက်ရတော့မည်မဟုတ်ကြောင်း။

**ဩဂုတ် ၁၇၊ Irrawaddy**။။ တောင်ပိုင်းကေအင်ယူအားဖြိုခွဲပြီး နအဖနှင့် DKBA တို့မှ မြောက်ပိုင်းကေအင်ယူအားတိုက်လျှင် အိမ်စွန့်ပြေးရမည့် ရွာသားများ စိုးရိမ်နေ၏။

**ဩဂုတ် ၁၇၊ Irrawaddy**။။ ဒေါ်အောင်ဆန်းစုကြည်အမှုတွင် တာဝန်မကင်းသည့် ယက်တော လွှတ်မြောက်မှုတွင် မြန်ပြည်သူများ စိတ်ကွက်အံ့သြကြောင်း။

**ဩဂုတ် ၁၇၊ DVB**။။ စကားများမှုမှ နအဖ တပ်သားနှင့် ရဲ ၂ ဦးစီအား ပစ်သတ်တိမ်းရှောင်နေသူ ဒီကေဘီအေမှတပ်ပြေး ဗိုလ်စောဖထောအား နအဖ တပ်နှင့် ဒီကေဘီ အေတို့မှ ပစ်သတ်ခဲ့ရာ ဘတ်စ်ကားပေါ်ပါ ကိုယ်ဝန်ဆောင်အမျိုးသမီး ၃၀ နအဖ တပ်သားတဦးလည်းသေဆုံးခဲ့ကြောင်း။

**ဩဂုတ် ၁၈၊ RGN**။။ ကုန်သွယ်ပိတ်ဆို့မှုနှင့်ပတ်သက်၍ စင်စစ်ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့သည်မှာ အနောက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည်ထက် မြန်ပြည် တွင်း အချင်းချင်းညှိနှိုင်းရန်လိုသည် ဟူသော စကားဖြစ်ကြောင်း ဦးဉာဏ်ဝင်းမှ ရှင်းလင်း၏။

**ဩဂုတ် ၁၉၊ NYT**။။ J Webb ၏ ဒေါ်အောင်ဆန်းစုကြည် ဆိုလိုသည့်တဆင့်စကားထက် ဒေါ်အောင်ဆန်းစုကြည်ထံမှ တိုက်ရိုက်ကြားလိုသည်ဟု သတင်းစာအာဘော်မှဆို၏။

**ဩဂုတ် ၁၉၊ Chicago**။။ မိမိအားမြန်မာမှထောင်ကျကိစ္စနောင်တမရ၊ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးဆိုလျှင် နောက်တခါသွားရန်ဝန်မလေးဟု ယက်တောမှဆို၏။

**ဩဂုတ် ၁၉၊ RGN** ။။ နာဂစ်ကယ်ဆယ်ရေး ကုလရဟတ်ယာဉ်များအား နအဖ မှ ဆက်လက်ခွင့်တိုးမပေး၍ ဩဂုတ်လလယ်မှစ၍ ရပ်ဆိုင်းခဲ့ရကြောင်း။

**ဩဂုတ် ၂၀၊Mizzima**။။ နအဖ အားလူ့အခွင့်အရေးဖောက်မှုများအတွက် လုံခြုံရေးကောင်စီမှ စုံစမ်းရေးအဖွဲ့ ဖွဲ့စုံစမ်းရန် ကမ္ဘာနှင့်ကုလမှတိုက်တွန်းချိန်ဟု လှုပ်ရှားသူ များမှဆို၏။

**ဩဂုတ် ၂၀၊ JKT**။။ နအဖ အား ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပြီးချမ်းသာခွင့်ပေးရန် အာဆီယံမှ ဆွေးနွေးခဲ့ရာ အာဆီယံ၏ဦးဆုံး စုပေါင်းအရေးယူမှုဖြစ်နိုင်ကြောင်း Faizasyah မှဆို၏။ မြန်မာအား ဆာဆီယံမှ ထုတ်ပယ်မည်မဟုတ်၊ သို့သော် လက်ပိုက်ကြည့်မနေနိုင်ဟု စင်္ကာပူနိုင်ငံခြားရေးရာသိပ္ပံမှ Simon Tay မှဆို၏။

**ဩဂုတ် ၂၀၊ BRUSSELS**။။ ၂၀၁၀ ရွေးကောက်ပွဲသည် မတရား၊ မလွတ်လပ်လင့်ကစား အချိန်တန်လျှင် အုပ်ချုပ်သူများပြောင်းလဲမှု မူမပြုမနေရ ဖြစ်လာမည်ဟု ကြို ဟောကာ၊ အန်အဲလ်ဒီသည် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သင့်ဟုလည်း International Crisis Group မှ တိုက်တွန်း၏။

**ဩဂုတ် ၂၀၊ RGN-Rtrs**။။ ကုန်သွယ်ပိတ်ပင် Sanction များ ရုတ်သိမ်းရန် အနောက်နိုင်ငံများသို့ နအဖ မှ တောင်းဆို၏။

**ဩဂုတ် ၂၀၊ ISLAMABAD** ။။ နအဖ သည် မြန်မာပြည်သူများ၏ ဒီမိုကရေစီကြိုးပမ်းမှုများကို စစ်ဖိနှိပ်ဖြင့်ချေဖျက်ခြင်းမကာ၊ ကမ္ဘာ့အသိုင်းအဝိုင်း၏တောင်းဆိုမှုကို လစ်လျူရှုခဲ့၍ နအဖ နှင့် သံအဆက်အသွယ်ဖြတ်ရန် ပါကစ္စတန် လွှတ်တော်လူ့အခွင့်အရေးကော်မီတီမှ အစိုးရသို့တောင်းဆို၏။

**ဩဂုတ် ၂၀၊ AFP**။။ အမေရိကန်သည် မြန်မာနှင့်မြောက်ကိုးရီးယားသို့ Bill Clinton နှင့် Jim Webb စသည့် ထိပ်သီးကိုယ်စားလှယ်များလွှတ်၍ စည်းမဲ့အစိုးရဆိုးများနှင့် ပြန်ဆက်သွယ်ရန် လမ်းစဉ်ပြောင်းစမ်းနေကြောင်း AFP သတင်းထောက် Kerry Sheridan မှ သတင်းဝေဖန်၏။

**ဩဂုတ် ၁၉၊ OSLO-AP** ။။ နော်ဝေဆိုင်ရာ ကုလသံအမတ်သည် နော်ဝေနိုင်ငံခြားရေးရုံးသို့ပို့လျှို့ဝှက်စာတွင် ကုလအတွင်းရေးမှူးချုပ်ဘန်ကီမွန်းအား ဦးဆောင်မှု ပျော့ကျညံ့ဖျင်းမှုအတွက် ပြစ်တင်ဝေဖန်ခဲ့ကြောင်း နော်ဝေသတင်းစာ Aftenpost မှဆို၏။

**ဩဂုတ် ၂၀၊ BKK**။။ မြန်မာ့ဒီမိုကရေစီရေးတွင် ကာဆီးလုပ်နေသူတရုတ်၏ မြန်မာနှင့်မြန်မာအပေါ်သြဇာကို တုန့်ပြန်ရန် အမေရိကန်သည် မြန်မာအပါအဝင် အရှေ့တောင် အာရှနှင့် အဆင့်ဆင့်တွင် ပြန်လည်ဆက်ဆံရန် အထူးလိုအပ်ကြောင်း Webb မှ ဘန်ကောက်တွင်ဆိုခြင်းသည် Larry Jagan မှသတင်းဝေဖန်၏။

**ဩဂုတ် ၂၀၊ BP**။။ ဒေါ်အောင်ဆန်းစုကြည်အား ရွေးကောက်ပွဲမတိုင်မီ ယခုနှစ်အတွင်း လွှတ်နိုင်ကြောင်း စစ်တပ်ထိပ်သီးတဦးမှ ဘန်ကောက်ပို့စ်သတင်းစာသို့ ဆိုကြောင်း။

**ဩဂုတ် ၂၀၊ KH**။။ မြန်မာအား အမေရိကန်မှ ပြန်လည်လက်ခံဆက်ဆံလျှင် နအဖအား ဆုချခြင်းသက်သက်မဖြစ်စေရဘဲ၊ တိုင်းရင်းသားအဖွဲ့များ၊ အန်အဲလ်ဒီနှင့်နအဖ တို့နှင့်ဆက်ဆံကာ နိုင်ငံရေးအကျပ်အတည်းမှ ထွက်ပေါက်ဖြစ်စေသင့်သည်ဟု Nehginpao Kipgen မှသုံးသပ်၏။

**ဩဂုတ် ၂၀၊ Irrawaddy**။။ နအဖ တပ်မ ၃၀၄ သည် မတူပီအနီးရှိ ၉ ရွာမှ စစ်ထဲသွင်းရန် ၁၈ နှစ်ကျော်လူငယ် ၉ ဦးစီရွေးပေးရန် အမိန့်ပေးခဲ့ကြောင်း ချင်း အသိုင်း အဝိုင်းမှဆို၏။

**စာမျက်နှာ ၁၅ သို့**

# ဒေါ်စုရဲ့ နေအိမ် အကျယ်ချုပ်အပေါ် သံဃာ့တပ်ပေါင်းစု၏ သဘောထား

**DVB ၊ ဩဂုတ် ၁၈ ။** ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ကို ရေကူးခိုးဝင်ခဲ့တဲ့ အမေရိကန်နိုင်ငံသား မစ္စတာဂျွန်ဝီလီယံယက်ထော ပြစ်ဒဏ်က ကင်းလွတ်ပြီး ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ဆက်လက်ကျခံနေရတဲ့အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ ပြောရေးဆိုခွင့်ရှိတဲ့ ဦးဓမ္မဝံသရဲ့ အမြင်ကိုတင်ပြပေးပါမယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ကိုရေကူးခိုးဝင်မှုနဲ့ ထောင်ဒဏ် ၇ နှစ်အပြစ်ပေးခံထားရတဲ့ အမေရိကန်နိုင်ငံသား မစ္စတာဂျွန်ဝီလီယံယက်တောကို စစ်အစိုးရက ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ပြစ်ဒဏ်လျှော့ပေါ့ပေးပြီး ပြည်နှင်ဒဏ်ပေးလိုက်ပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကတော့ ဆိုင်းငံ့ပြစ်ဒဏ် ထောင်ဒဏ် ၁ နှစ်ခွဲနဲ့နေအိမ်မှာ ဆက်လက်အကျဉ်းကျနေပါတယ်။ ဒါဟာ ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက တမင်သက်သက်အမှုဆင်ပြီး နေအိမ်အကျယ်ချုပ် သက်တမ်းထပ်တိုးထားတယ်ဆိုတာ ပိုပြီးပေါ်လွင်စေတယ်လို့မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုရဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးဓမ္မဝံသက မိန့်ကြားပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ကို ဒီပဲယင်းအရေးအခင်းမှာ နှိပ်ကွပ်ပြီး အကျယ်ချုပ်နဲ့ တနှစ်ပြီးတနှစ် သက်တမ်းတိုးလာခဲ့တယ်။ နောက်ဆုံးနိုင်ငံတကာရဲ့ဥပဒေမှာ ၅ နှစ်ဆိုရင် လွှတ်ပေးရတော့မယ်။ ဒါပေမယ့်မြန်မာပြည်ရဲ့ ဥပဒေအရ ၆ နှစ်ပြည့်မှလွှတ်ပေးမယ်ဆိုလို့ ၆ နှစ်ပြည့်ပြီ လွှတ်ပေးရမယ့်အချိန်ကိုရောက်လာပြီ။ အဲ့ဒီအချိန်မှာ မလွှတ်ပေးချင်လို့ သက်တမ်တိုးလို့ကလည်း မဖြစ်ဘူး၊ လွှတ်ပေးလို့ကလည်းမဖြစ်တဲ့ အခြေအနေ ကျဉ်းထဲကျပ်ထဲ ရောက်တဲ့အခါမှာ ယက်တောကြီးကို ထိုးထည့်ပြီး ရန်မရှိ၊ ရန်ရှာ အပြစ်မရှိ၊ အပြစ်ရှာပြီးတော့ အကွက်ဆင်ဖမ်းဆီးလိုက်တယ် ဖမ်းဆီးပြီးတော့အခု ယတ်ထောကြီးကို ဇာတ်တိုက်ပြီးတော့ ပြန်လွှတ်လိုက်ပြီ။”

“ဒေါ်အောင်ဆန်းစုကြည်ပဲ နေအိမ်အကျယ်ချုပ် သက်တမ်း ၁၈ လ တနှစ်ခွဲ သက်တမ်းထပ်တိုးလိုက်တယ်။ ရှင်းရှင်းပြောရရင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် သက်တမ်းတနှစ်ခွဲကို နှစ်ပေါက် တပေါက်ရိုက်ပြီး တိုးတယ်လို့ ဦးဇင်းဒီလိုမြင်တယ် အဲဒါကလည်းဘာလဲဆိုတော့ ဒါဦးဇင်းတို့ရဲ့တိုင်းသူပြည်သားတွေမှာ အရမ်းလိုအပ်တယ် စည်းလုံးမှု၊ ညီညွတ်မှု၊ နိုင်ငံရေးအသိအမြင်တွေ ကျဉ်းမြောင်းနေမှု အဲဒါတွေပါတယ်။ အဲဒါကြောင့်မို့လို့လည်း စစ်အုပ်စုက ဦးဇင်းတို့ရဲ့အားနည်းချက်အပေါ်မှာ အနိုင်ကျင့်ဗိုလ်ကျနေတာပေါ့။”

သံဃာတော်တွေအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို စီရင်ချက်ချမယ့် ဩဂုတ် ၁၁ ရက်နေ့ မတိုင်ခင် နောက်ဆုံးထားလွှတ်ပေးဖို့ စစ်အုပ်စုကို ကြေညာချက်ထုတ်တောင်းဆိုခဲ့ကြပါတယ်။ ဒီတောင်းဆိုချက်ကို မလိုက်လျောဘူးဆိုရင် စစ်အုပ်စုအနေနဲ့ ရဟန်းရှင်လူ ကျောင်းသား ပြည်သူလူထုနဲ့ ထိပ်တိုက်ရင်ဆိုင်ရလိမ့်မယ်လို့လည်း ပြောဆိုထားတာနဲ့ပတ်သက်လို့ သံဃာတော်တွေအနေနဲ့ ဘယ်လိုလှုပ်ရှားမှုတွေ ပြုလုပ်ဖို့ ရှိပါသလဲလို့ မေးကြည့်တော့ ဦးဓမ္မဝံသက...

“အခြေအနေကို မျက်ခြေမပြတ်ကြည့်ပြီး ဦးဇင်းတို့ အခွင့်အခါပေးရင်ပေးတဲ့အနေအထားအပေါ်မှာ အဖွဲ့အစည်းပေါင်းစုံနဲ့ နည်းမျိုးစုံပြောပြီး ကြိုးစားမှာပါ။ လောလောဆယ်ကတော့ ဘယ်လိုအစီအစဉ်ရှိလဲဆိုတဲ့ အနေအထားကပြောဖို့ နည်းနည်းခက်ခဲလိမ့်မယ် ဦးဇင်းတို့ရဲ့လုံခြုံရေးကလည်းရှိတာကိုး၊ နောက်လှုပ်ရှားမှုကလည်း ဒီမှာက မလွတ်လပ်ဘူးလေ လုံခြုံရေးအရမ်းတင်းကြပ်နေတဲ့ကြားထဲကနေ အလုပ်လုပ်ရမယ့် အနေအထားတွေ ရှိနေတယ်၊ အဲတော့ဦးဇင်းတို့ရဲ့အစီအစဉ်ကို ကြိုပြောလိုက်ရင် သူတို့ကို အသိပေးရာရောက်သွားမယ်။”

အခုလို သံဃာတော်တွေဘက်က လှုပ်ရှားမှုတွေ ဘာမှရှိမလာသေးတဲ့အပေါ် ပြည်သူလူထုအနေနဲ့ ဒါဟာ လှုပ်ရှားမှုမပါတဲ့ ကြေညာချက်ထုတ် နိုင်ငံရေးလှုပ်ရှားမှု တခုဆိုပြီး မမြင်သွားနိုင်ဘူးလားလို့ ဆက်မေးကြည့်တော့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုရဲ့ပြောရေးဆိုခွင့်ရှိသူ ဦးဓမ္မဝံသမိန့်ကြားပါတယ်။

“သူတို့ဘက်ကတော့ အားမလိုအားမရနဲ့တော့ ထင်ကောင်း ထင်လိမ့်မယ်။ ဒါကို ဦးဇင်းတို့ကလည်း ဒါကျဉ်းထဲကြပ်ထဲအခြေအနေကြားထဲမှာ အလုပ်လုပ်နေရတာဆိုတဲ့အခါကျတော့ အခုနပြောသလို အခြေအနေ၊ အချိန်အခါ၊ နေရာဒေသကိုကြည့်ပြီး အလုပ်လုပ်ရတာပေါ့ ဦးဇင်းတို့မှာ အင်အားတွေကရှိနေပြီ၊ အပွဲပွဲမှာလည်း ဦးဇင်းတို့က ဆုံးရှုံးလာခဲ့ရပြီ အခုချိန်မှာ ဦးဇင်းတို့လုပ်ချင်တဲ့ဆန္ဒတခုကို ရှေ့တန်းတင်ပြီး လုပ်လိုက်လို့ဖြင့် ကိုယ်ဖြစ်ချင်ရာမဖြစ်ပဲနဲ့ ဖြစ်ချင်ရာ ပရမ်းပတာတွေဖြစ်သွားမယ်။ ထပ်ပြီးတော့ဆုံးရှုံးသွားမယ့် အနေအထားမျိုးတွေ ဦးဇင်းတို့က မလိုလားဘူး။ အဲတော့အခုနပြောသလိုပေါ့ အခြေအနေအခွင့်အခါကို စောင့်ပြီးတော့ ကိုယ်လိုချင်တဲ့အနေအထားတခုခုကိုရမှသာလျှင် ဦးဇင်းတို့က အလုပ်လုပ်ရမယ့် သဘောမျိုးဖြစ်နေတယ် ဒါဟာနိုင်ငံရေးလုပ်စားနေတာမဟုတ်ဘူး။ ဦးဇင်းတို့က လူထုဆန္ဒရဲ့ငတ်မွတ်ခေါင်းပါးမှုကို ဦးဇင်းတို့ မရှုစိမ့်လို့ လူထုရဲ့ကိုယ်စား ရှေ့တန်းထွက်ပြီးတော့ တိုက်ပွဲဝင်ပေးနေခြင်းဖြစ်တယ်။ အဲဒါကို လူထုအနေနဲ့ သိနားလည်ပေးသင့်တယ်လို့ ဦးဇင်းတို့ မြင်တယ်။”

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးက မတရားဖမ်းဆီးအကျဉ်းချထားတဲ့ သံဃာတော်တွေကို ပြန်လွှတ်ပေးဖို့နဲ့ သံဃာတော်တွေကို နှိပ်စက်သတ်ဖြတ်ခဲ့မှုအပေါ် စစ်အုပ်စုက ဝန်းချတောင်းပန်ဖို့ ဒါကိုမလိုက်နာရင် လာမယ့် သီတင်းကျွတ်လပြည့်နေ့မှာ တတိယအကြိမ် ပတ္တနိက္ကုဇ္ဇနကံဆောင်မယ်လို့လည်း ထုတ်ပြန်ထားတဲ့ကြေညာချက်တစောင် အင်တာနက်မှာ တော်တော်လေးကို ပျံ့နှံ့နေပါတယ်။ ၁၉၉၀ ပြည့်နှစ်တုန်းက မန္တလေးမှာ ကျဆုံးသွားတဲ့ အာဇာနည်သူရဲကောင်းတွေကို ရည်စူးလှူဒါန်းတဲ့ သံဃာဒါနဆွမ်းလောင်းပွဲကို စစ်အုပ်စုက ပစ်ခတ်ဖြိုခွင်းခဲ့တဲ့အတွက် သံဃာတော်တွေပျံလွန်တော်မူခဲ့ပြီး အဲဒီတုန်းက ပထမအကြိမ် ပတ္တနိက္ကုဇ္ဇနကံဆောင်ခဲ့ပြီး ခုချိန်ထိ သပိတ်ပြန်မလှန်ရသေးတဲ့အကြောင်း အဲဒီကြေညာချက်မှာ ဖော်ပြထားပါတယ်။ ၂၀၀၇ ခုနှစ် စက်တင်ဘာတုန်းကလည်း ပခုက္ကူသံဃာတော်တွေရဲ့ ငြိမ်းချမ်းစွာ မေတ္တာပို့လမ်းလျှောက်ဆုတောင်းမှုမှာ စစ်အုပ်စုက သံဃာတော်တွေကို ဖမ်းဆီးနှိပ်စက်ခဲ့တဲ့အတွက် ဒုတိယအကြိမ် ကံဆောင်ခဲ့ကြပြီး ရွှေဝါရောင်တော်လှန်ရေးလို့တင်စားခဲ့ကြတဲ့ ၂၀၀၇ ခုနှစ် စက်တင်ဘာ သံဃာ့လှုပ်ရှားမှုဖြစ်ပေါ်ခဲ့ပါတယ်။

# ဆရာကြီးဦးဝင်းတင်နှလုံးခုန်စက်တပ်ဆင်ပြီးစီး

**NEJ ၊ ဩဂုတ် ၁၇ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ဦးဝင်းတင်သည် ယမန်နေ့မွန်းလွဲ ၄ နာရီခန့်တွင် နှလုံးခုန်စက် တပ်ဆင်ပြီးစီးသွား ပြီဖြစ်ကြောင်း အဖွဲ့ချုပ်ပြောခွင့်ရ ဦးအုန်းကြိုင်က ပြောပါတယ်။

“အသေးစားခွဲစိတ်မှုပါ။ ထုံဆေးဘဲသုံးသွားတယ်။ ခွဲခန်းထဲကပြန်ထွက်လာတော့လည်း ပြုံးပြုံးရွှင်ရွှင်ပါဘဲ။ မမောတော့ဘူးလို့လည်းပြောပါတယ်။ ခွဲစိတ်တဲ့ဆရာဝန်တွေကလည်း ရလဒ်က ကျေနပ်စရာကောင်းပါတယ်လို့ ပြောကြပါတယ်။ ဒါပေမယ့် နောက်သုံးလေးရက်လောက်နားနေဘို့ ဆရာဝန်တွေက ညွှန်ကြားထားတယ်။” လို့ ရှင်းပြပါတယ်။ ဝါရင့် သတင်းစာဆရာကြီးတဦးဖြစ်သူ ဦးဝင်းတင်သည် နှလုံးခုန်နှုန်းလျော့ကျလာသည့်အတွက် ဩဂုတ် ၁၅ ရက်တွင် အာရှ တော်ဝင်ဆေးခန်းသို့ တက်ရောက်ခဲ့ရခြင်းဖြစ်ပါတယ်။

“ဘဘက လွန်ခဲ့တဲ့ တလ လောက်ကတည်းက သိသိသာသာမောတယ်လို့ ပြောနေတာ။ နောက်ပိုင်း လှေခါးလေးငါးထစ်လောက်တက်ရင်လည်း မောလာတယ်။ နှလုံးခုန်နှုန်းနည်းနေတာ၊ နောက်ပိုင်း ထိုင်တာ ထတာ အဝတ်အစားလဲတာကအစ မောလာတယ်။ ဒါနဲ့ဆရာဝန်ပြကြည့်တော့ နှလုံးခုန်စက်တပ်ထားဘို့လိုတယ်ဆိုလို့ ဆေးရုံတက်လိုက်ရတာ။ အခုတော့ ကောင်းလာပါပြီ။ စိုးရိမ်စရာမရှိပါဘူး။” လို့ မိသားစုဝင်တဦးက ပြောပါတယ်။

အသက် ၇၉ နှစ်ကျော်ရှိ ဝါရင့်သတင်းစာဆရာကြီး ဦးဝင်းတင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်စကပင် ပါဝင်ခဲ့သည့် တက်ကြွလှုပ်ရှားသော နိုင်ငံရေးသမားတဦးဖြစ်ခြင်းကြောင့် စစ်အစိုးရက ၁၉၈၉ ခုနှစ်မှစတင်ကာ ထောင်ချထားခဲ့ပါတယ်။ ထိုသို့ အင်းစိန်ထောင်အတွင်း နှစ်ပေါင်း ၂၀ ကျော်ကြာ အကျဉ်းကျခံခဲ့ရပြီး ၂၀၀၈ ခုနှစ်တွင် ပြန်လည်လွှတ်မြောက်ခဲ့ကာ လွှတ်မြောက်လာစက မီဒီယာများသို့ ဆရာကြီးဦးဝင်းတင်ပြောသော နိုင်ငံရေးမှုဝါဒမှစု၊ လွှတ်၊ တွေ့ဆုံ ဖြစ်ပါတယ်။




## ဂျပန်ရောက်ကြံ့ဖွံ့ခေါင်းဆောင်

နအဖစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီး ကြံ့ဖွံ့အတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးဟာ နောက်လိုက်တသိုက်နဲ့အတူ ဂျပန်ကို တပတ်ကြာခရီးရောက်လာတယ်လို့သိရပါတယ်။ ဂျပန်အစိုးရအရာရှိတဦးက သူတို့ကဖိတ်တာပါလို့ပြောပြီး စိုက်ပျိုးရေးကိစ္စတွေ၊ နောက်ပြီး မြန်မာ့အရေးကိစ္စအားလုံးကိုဆွေးနွေးမယ်လို့လည်း ပြောပါတယ်။ ကြံ့ဖွံ့ခေါင်းဆောင်ဟာ အာဏာရလာနိုင်တယ်လို့ ထင်ကြေးပေးခံနေရတဲ့ အတိုက်အခံ ဒီမိုကရက်တစ်ပါတီက တာဝန်ရှိသူတွေ နဲ့လည်းတွေ့ဆုံဖို့ရာရှိတယ်လို့ သိရပါတယ်။ **(IRRAWADDY, MIZZIMA, 21.8.2009)**

## သူပြောတာပဲ

ဒေါ်စုနဲ့တွေ့ခဲ့တဲ့အမေရိကန်အမတ်ဂျင်မ်ဝက်ဘ်က ဒေါ်အောင်ဆန်းစုကြည်ဟာ အမေရိကန်ရဲ့ပြစ်ဒဏ်ခတ်မှုတွေ ရုပ်သိမ်းခဲ့လို့ရှိရင် ကန့်ကွက်မှာမဟုတ်ဘူးဆိုတဲ့သဘောထားရှိတယ်လို့ ပြောဆိုလိုက်ပါတယ်။ ဘယ်လိုအခြေအနေတွေကြောင့် ဒီလိုပြောတယ်ဆိုတာတော့ အဲဒီအမတ်က ရှင်းမပြပါဘူး။ ဒါပေမယ်လည်း ဒေါ်စုဆီက ဒီကိစ္စနဲ့ပတ်သက်ပြီး အတိအလင်းပြောဆိုတာမျိုးထွက်မလာသေးပါဘူး။ **(AP, VOB, 17.8.2009)**

## ကြပ်ပြေးဝန်ထမ်းများအကျပ်တရားနဲ့ကြုံရ

နအဖရဲ့ကြပ်ပြေးက ပြည်သူ့ဝန်ထမ်းတွေဟာ ငှားရမ်းခနဲ့သုံးစွဲခတွေကို တိုးမြှင့်ပေးဆောင်ရတော့မယ်လို့ သိရပါတယ်၊ အိမ်လခကို လစာရဲ့ ၁၀ ရာခိုင်နှုန်းဖြတ်ပြီး လျှပ်စစ်ခနဲ့ ရေဘိုးကို လက်ရှိပေးနေတဲ့အခထက် ၂၅ ရာခိုင် နှုန်းပိုပေးရမှာဖြစ်ပြီး ကေဘယ်တီဗွီတပ်ဆင်ထားသူများကို ကျပ် ၆၀၀၀ ဖြတ်နေတာမို့ အဲဒီလိုအခွန်အခတွေဖြတ်လိုက်ရင် လစာဟာ အတော်နည်းသွားပြီး အခက်အခဲတွေ့ရတော့မယ်လို့ ဝန်ထမ်းတဦးကပြောပါတယ်။ **(MIZZIMA, 17.8.2009)**

## နိုင်ငံတကာအဆင့်မီဈေးဝယ်နေရာ

နအဖရဲ့မြို့တော်ကြပ်ပြေးမှာ နိုင်ငံတကာအဆင့်မီဈေးဝယ်နေရာနဲ့ အပန်းဖြေနေရာကို တည်ဆောက်ဖွင့်လှစ်လိုက်ပြီလို့သိရပါတယ်။ စစ်အရာရှိကြီးတွေရဲ့ ငွေရင်းနဲ့ထူထောင်ထားတဲ့ ရွှေတောင်ကုမ္ပဏီက တည်ဆောက်တဲ့ ၂ ထပ်ဈေးအဆောက်အဦးမှာ ဈေးဆိုင်ခန်းတွေ၊ ရုပ်ရှင်ရုံအသေးစား၊ အပန်းဖြေ ကစားရာနေရာတွေပါဝင်တယ်လို့ဆိုပါတယ်။ ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူက ရုပ်ရှင်ရုံပါထည့်သွင်းတည်ဆောက်တာဟာ မြန်မာပြည်မှာပထမဦးဆုံးဖြစ်ပြီး မြန်မာရုပ်ရှင်လောကအဆင့်မြင့်လာရေးကို အထောက်အကူပြုဖို့လို့ဆိုပါ တယ်။**(XINHUA, 16.8.2009)**

## နာဂစ်ထောက်ပံ့ရေးနှောင့်နှေး

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရဲ့ နာဂစ်ဘေးဒုက္ခသင့်သူတွေအတွက် ထောက်ပံ့ရေးပစ္စည်းတွေကိုရဟတ်ယာဉ်နဲ့သယ်ပို့ပေးနေတာတွေဟာ ရပ်ဆိုင်းလိုက်ရ တယ်လို့ သိရပါတယ်။ စစ်အာဏာပိုင်တွေက လုပ်ကိုင်ခွင့်သက်တမ်းမတိုးပေးတဲ့အတွက်ဖြစ်ပါတယ်။ ဒါကြောင့် ရဟတ်ယာဉ်နဲ့တနာရီကြာသွားရတဲ့ ခရီးကို မော်တော်ယာဉ်၊ ရေယာဉ်တွေနဲ့ ၆ နာရီ ၇ နာရီလောက်သွားနေပြီ လို့ သိရပါတယ်။ **(IRNA, 20.8.2009)**

## ပြစ်ဒဏ်ခတ်မှုရုတ်ပေးပါ

မြန်မာနိုင်ငံကို မကြာသေးခင်ကသွားရောက်ခဲ့ပြီး ဂျွန်ယက်တောကို အကျဉ်းထောင်ထဲကနေပြန်လွှတ်အောင်လုပ်သွားတဲ့ အမေရိကန်အမတ် ဂျင်မ်ဝက်ဘ် ပြန်သွားပြီးတာနဲ့ နအဖသတင်းစာက မြန်မာပြည်အပေါ် ပြစ်ဒဏ်ခတ်အရေး ယူမှုတွေကို ရုတ်သိမ်းပေးပါဆိုပြီး ရေးပါတော့တယ်။ အဓိကကျတဲ့ ဒေါ်စုနဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုမလွှတ်ပဲ ယက်တောလွှတ်ပေးရုံနဲ့ ပြစ်ဒဏ်ခတ်ရုတ်သိမ်းပေးဆိုပြီးတောင်းတာဟာ အမေရိကန်ကို စော်ကားတာနဲ့တူတူပဲလို့ ပြည်တွင်းမှာပြောဆိုဝေဖန်နေကြပါတယ်။ **(REUTERS, 20.8.2009)**

## မြန်မာပြည်ကိုစောင့်ကြည့်မှု

ကုလသမဂ္ဂက ပြစ်ဒဏ်ခတ်အရေးယူမှုတွေအရ မြောက်ကိုရီးယားရဲ့လုပ်ကိုင်လှုပ်ရှားမှုတွေကို စောင့်ကြည့်နေတဲ့ အမေရိကန်ဟာ မြန်မာစစ်အာဏာရှင် နအဖရဲ့လုပ်ရပ်တွေကိုလည်း တပါတည်းစောင့်ကြည့်နေတယ်လို့ အမေရိကန်အရာရှိတဦးကပြောပါတယ်။ ပြီးယမ်းက နအဖကို ညူကလီယား ဓာတ်ပေါင်းဖို၊ ပလူတိုနီယံသန့်စင် စက်ရုံတွေကိုတည်ဆောက်ပေးတာ ညူကလီယားဗုံးကို ၅ နှစ်အတွင်းထုတ် ပေးနိုင်အောင်လုပ်ပေးမယ်ဆိုတဲ့ သတင်းအစီရင်ခံချက်တွေထွက်ပေါ်လာနေတာမို့ အခုလိုစောင့်ကြည့်တာ ဖြစ်ပါတယ်။ **(AFP, 21.8.2009)**

## ဒေါ်စုကိုလွှတ်ပေးရေးအာဆီယံအရာရှိထောက်ခံ

ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက နေအိမ်မှာထပ်မံအကျဉ်းချလိုက်တာကြောင့် ဒေါ်စု ပြန်လွှတ်လာရေးနဲ့ပတ်သက်ပြီး အာဆီယံအရာရှိကြီးတွေ ဂျာကာတာမှာဆွေးနွေးခဲ့ကြတယ်လို့သိရပါတယ်။ အဲဒီအစည်းအဝေးက ဒေါ်စုကိုနအဖစစ်ခေါင်းဆောင်တွေက ပြန်လွှတ်ပေးဖို့လိုအပ်တယ်လို့ သဘောတူခဲ့ကြပြီး ဝန်ကြီးအဆင့်ဆွေးနွေးပွဲတွေကနေတဆင့် နအဖကို တောင်းဆိုရန်လုပ်ဆောင်မယ်လို့ သိရပါတယ်။ **(MANILLA TIMES, 22.8.2009)**

## ဦးဝင်းတင်ကျန်းမာရေး

အဲန်အဲလ်ဒီရဲ့ထိပ်တန်းခေါင်းဆောင်တဦးဖြစ်တဲ့ ဦးဝင်းတင်ဟာ နှလုံးခွဲစိတ်မှုကိုခံခဲ့ရပြီး အခုအခါ နှလုံးခုန်နှုန်းထိန်းညှိစက်တပ်ဆင်ထားရတယ်လို့ သိရပါတယ်။ ခွဲစိတ်ကုသမှုအဆင်ပြေချောမွေ့ခဲ့ပြီး နေထိုင်ကောင်းပေမဲ့လည်း နေအိမ်မှာပဲ အနားယူနေပါတယ်။ ပါတီအလုပ်တွေကိုလည်း ဘာမှလုပ်လို့မရသေးတဲ့အခြေအနေမှာရှိပါတယ်။ **(MIZZIMA, 17.8.2009)**

# ကာတွန်း ဟန်လေးရဲ့ လက်ရာစုစည်းမှု အမှတ် ၂ စာအုပ် ထွက်ပြီ

**DVB၊ ဩဂုတ် ၂၀။** ။ ထိုင်းအခြေစိုက် ရောဝတီသတင်းဌာနရဲ့ ပင်တိုင်ကာတွန်းဆရာ ဟန်လေးရဲ့နိုင်ငံရေး ကာတွန်းပေါင်းချုပ် အမှတ် ၂ စာအုပ် ထွက်ရှိနေပါတယ်။

ကာတွန်းဟန်လေးရဲ့ လက်ရာစုစည်းမှု အမှတ် ၁ ကို ၂၀၀၆ ခုနှစ်က ထုတ်ဝေခဲ့ပြီး အခုအမှတ် ၂ စာအုပ်ကို ထိုင်းဘတ် ၃၅၀ နဲ့ ရောဝတီ သတင်းဌာနကို ဆက်သွယ်မှာ ကြားနိုင်ပါတယ်။ ၂၀၀၇ ခုနှစ်နဲ့ ၂၀၀၈ ခုနှစ်က ရောဝတီမဂ္ဂဇင်းမှာ အပတ်စဉ်ရေးဆွဲခဲ့တဲ့ ကာတွန်း ၁၀၀ ကျော်ထဲ က စိတ်ကြိုက် ကာတွန်း ၅၀ ကိုရွေးထုတ်ထားတာဖြစ်တယ်လို့ ကာတွန်းဆရာ ကိုဟန်လေးက ပြောပါတယ်။ စစ်အုပ်စုလက်ထက် မြန်မာ့နိုင်ငံရေးကို ပေါ်လွင်ထင်ရှားစေတဲ့ သူ့ရဲ့ ကာတွန်းလက်ရာတွေနဲ့ ပတ်သက်လို့ ကိုဟန်လေးက ...

"ကာတွန်းဆရာတွေကတော့ ဒီအစိုးရကို ဖြုတ်ချနိုင်တဲ့ အင်အားတော့ မရှိဘူး။ ဒါပေမယ့် ဘယ်ခေတ်မှာ ဘယ်လိုအခြေအနေဆိုပြီး သမိုင်းအတွက် ရေးသွားရတာပေါ့။ နအဖခေတ်မှာ နအဖရဲ့အခြေအနေ၊ သူရဲ့စနစ်ကို ပုံဖော်ထားတဲ့ သမိုင်းတော့ ကျန်ခဲ့မှာပေါ့။"

အခုထုတ်တဲ့ ကာတွန်းတွေထဲက သူအကြိုက်ဆုံးဖြစ်တဲ့ ကာတွန်း လက်ရာတချို့ကို ကိုဟန်လေးပြောပြပါတယ်။

"ဘန်ကီးမွန်းရယ်၊ ဂမ်ဘာရီရယ် ဗမာပြည် မီးလောင်နေတာကို ရေခွက်ပုံးသေးသေး၊ ခရီးကဝေးဝေး လောင်းတယ်။ အရာမရောက်ဘူးဆိုတာ တခု၊ ကုလသမဂ္ဂရဲ့ စပါးနှံဆိုက်တွေက စိပ်သေးပစ်လိုက်တယ်။ သူက ဘာမှမသိဘူး၊ ဂရုလည်း မစိုက်နိုင်ဘူးလေ။ ကုလသမဂ္ဂလည်း ဘာမှမလုပ်နိုင်ဘူး။ အဲဒီကာတွန်းရယ်နောက် အန်ဂျီအို အလှူရှင်တွေပါတဲ့ ပစ္စည်းတွေ၊ ငွေတွေကို အန်ဂျီအိုတွေ အဆင့်ဆင့် ဖြတ်လိုက်တာ နောက်ဆုံးကျတော့ ဒုက္ခသည်တွေ ပါးစပ်ထဲရောက်သွားတာက တစက်၊ နှစ်စက်ထဲဆိုတာလေး သုံးလေးခုလောက်တော့ ကြိုက်တယ်။" ကိုဟန်လေးရဲ့ ကာတွန်းလက်ရာတွေနဲ့ပတ်သက်လို့ စက်ာပူက မြန်မာဘလော့ဂါတဦး ပြောပြတာက ...

"ဂမ်ဘာရီလာတုန်းက ပုံလေးတွေ သဘာကျတယ်။ ဂမ်ဘာရီလာတုန်းက နေပြည်တော်ဆိုတဲ့ တိုင်ကြီးနားမှာ စောင်းတီးနေတဲ့ပုံပေါ့။ ထူးမခြားနားဆိုပြီး ပါးစပ်က ရွတ်နေတာလေ။ အဲ့ဒီ ပုံလေးတော့ သဘောကျမိတယ်။ ကျနော်တို့အတိုက်အခံတွေဘက်ကို သရော်ထားတဲ့ ပုံလေးတွေ သဘောကျပါတယ်။ ကျနော်တို့ ကျနုပ်တို့သည် ဆိုတဲ့ပုံလေးပါ။ လှေလေးနဲ့ ဟိုဘက်ကမ်းကိုကူးဖို့ ဟာ ကမ်းကလည်း ဝေးသေးတယ်၊ လှေထဲမှာလည်း အိပ်နေတဲ့ လူပါသေးတယ်။ အဲ့လိုပုံလေးလည်း သဘောကျပါတယ်။ သူ့လက်ရာလည်းကောင်းပါတယ်။ ကျနော်ထင်တယ် သူတို့အနေနဲ့ကွန်ပျူတာကို အသုံးပြုထားတဲ့အတွက် ပုံထွက်ကလည်း တော်တော်ကောင်းပါတယ်။ အရောင်ဖွဲ့စည်းပုံလေး တွေလည်းမဆိုပါဘူး။ ကလေးရော၊ လူကြီးရော ကြည့်လို့ကောင်းတဲ့ ပုံစံလေးတွေ ဖြစ်နေတာပေါ့နော်။"

အိန္ဒိယနိုင်ငံရောက် အရှင်ပညာဇောတ ကတော့ ၂၀၀၇ ခုနှစ် စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးနဲ့ ပတ်သက်လို့ ကိုဟန်လေးရဲ့ လက်ရာထဲက သူသဘောကျတဲ့ ကာတွန်းတခုကို အခုလို ပြောပြပါတယ်။

"တော်တော်များများ အကုန်လုံး သဘောကျတယ်။ ဘုရားတရား ဟောနေတဲ့ နေရာကို လေယာဉ်ပျံတွေနဲ့ ရှေ့မှာလည်း စစ်သားတွေနဲ့ စစ်ချီတက်လာတဲ့ ပုံက စက်တင်ဘာတုန်းက ဦးဇင်းတို့သိပ်သဘောကျတဲ့ ပုံပဲ၊ ဈာန်ဝင်စားနေတဲ့ ဘုရားရှင်ကို စစ်တပ်ကြီးနဲ့ဝိုင်းပြီးတော့ လုပ်တယ်ဆိုတဲ့ စိတ်ဓာတ်အောက်တန်းကျမှုအဆင့် တအားကိုနိမ့်သွားတယ်ဆိုတဲ့ သဘောမျိုးလို့ ဦးဇင်းတို့ခံစားမိတယ်။"

ဆက်သွယ်မေးမြန်းချက်တွေအရ လူကြိုက်များတဲ့ ကာတွန်းကတော့ မနှစ် မေလမှာ တိုက်ခတ်သွားတဲ့ နာဂစ်မုန်တိုင်းနဲ့ပတ်သက်လို့ နိုင်ငံတကာက ပေးတဲ့ အကူညီတွေကို အစိုးရမဟုတ်တဲ့ အန်ဂျီအိုအဖွဲ့စည်းတွေကနေ တဆင့်ပြီး တဆင့်ပေးရာမှာ နောက်ဆုံး ဒုက္ခသည်တွေဆီ ဘာမှမရောက်တော့တာကို ဖော်ကျူးထားတဲ့ကာတွန်းဖြစ်ပါတယ်။ အခုနောက်ဆုံး ရေးဆွဲထားတဲ့ ကာတွန်းကတော့ ပြန်ပေးဦးတော့ ကျေးဇူးရှင်ရေ ဘိုင့်ဘိုင်လို့ နာမည်ပေးထားတဲ့ ကားတွန်းဖြစ်ပါတယ်။ အဲဒီပုံမှာ မစ္စတာဂျင်ဝက်က ယက်တောကို ပခုံးထမ်း ပြန်သွားပြီး အနောက်ကနေ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ fly kiss ပေးနေတဲ့ပုံဖြစ်ပါတယ်။

# ကြံ့ဖွံ့အဖွဲ့ဝင် တဦး ပုဒ်မ ၂ ခုနှင့် တရားစွဲခံရပြီး ထောင်ဒဏ် ၁ နှစ်ချမှတ်

**DVB၊ ဩဂုတ် ၂၁။** ။ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့က ကြံ့ခိုင်ရေးအသင်းဝင်တဦး အရိုက်ခံရတဲ့အပြင် ပုဒ်မ ၂ ခုနဲ့အမှုရင်ဆိုင်နေရာမှာ အခုကျောက်ပန်းတောင်းမြို့နယ် တရားရုံးက ထောင်ဒဏ် ၁ နှစ်ချလိုက်ပါတယ်။

တောင်ခြေရွာက ကြံ့ခိုင်ရေးအသင်းဝင် ကိုမင်းမင်းကို ဆိုင်ကယ်လမ်းပြောင်းပြန်မောင်းမှုနဲ့ မြို့နယ်ရဲတပ်ဖွဲ့ဝင်တွေက ဒဏ်ငွေတသောင်းရိုက်တာကို ကိုမင်းမင်းက မပေးနိုင်လို့ တောင်းပန်ရာမှာ အချင်းများပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်တွေက ကိုမင်းမင်းကို ဝိုင်းရိုက်ခဲ့ကြတာပါ။ အဲဒီနောက် ရဲစခန်းကို ခေါ်သွားပြီး ရဲစခန်းမှူးက ဒီအရိုက်ခံရမှုနဲ့ပတ်သက်လို့ တိုင်မှာလားလို့ ကိုမင်းမင်းကို မေးခဲ့ပါတယ်။ သွေးထွက်သံယိုဖြစ်တဲ့အထိ အရိုက်ခံခဲ့ရလို့ ကိုမင်းမင်းက တိုင်မယ့်အကြောင်း ပြန်လည်ပြောဆိုပြီးတဲ့နောက် ရဲတပ်ဖွဲ့ဝင် ၁ ဦး က ကိုမင်းမင်းကို ပြန်လည်ထိုးနှက်တယ်ဆိုပြီး နာကျင်စေမှုပုဒ်မ၊ နောက်ထပ် ရဲတပ်ဖွဲ့ဝင်တဦးက သူ့ရဲ့ အင်္ကျီအိတ်ထဲ ချဲစာရွက်ထည့်ပြီး လောင်းကစားပုဒ်မနဲ့ တရားစွဲလိုက်တယ်လို့ ကိုမင်းမင်းက ထောင်မကျခင် ပြောဖူးပါတယ်။

"၁၇ ရက် ၈ လ ၂၀၀၈ က ဖြစ်တာပါ။ ရဲတွေက ရိုက်တာနဲ့ ပတ်သက်ပြီး ရဲတိုင်မှာလားမေးတော့ ကျနော်က ခံရတာ တိုင်မှာလို့ပြောတယ်။ ဒီတော့ ကျနော့်မျက်နှာမှာ သွေးတွေဘာတွေရော ပေစုတ်နေတာပဲဆိုတော့ ရေချိုးပေးလိုက်စမ်းကွာဆိုပြီး ရဲထွန်းထွန်းကို ခိုင်းတယ်။ ရဲထွန်းထွန်းနဲ့ အဖော်တယောက်က ကျနော့်လက်ကို တယောက်တဘက်စီဆွဲပြီး စခန်းတောင်ဘက်နားက စဉ့်အိုးနားလေးကို ခေါ်သွားတယ်။ အရက်ခွက်နဲ့ ကျနော့်ရင်ဘတ်ကို ပက်တယ်။ အပေါ်ကနေ အရက်တခွက်လောင်းတယ်။ ကျနော်က ဒီနေ့အချိန်အထိ အရက်သေစာသောက်စားခြင်း လုံးဝမရှိပါဘူး။ အဲဒါကို အရက်မူးလို့ ဖြစ်တယ်ဆိုတဲ့ပုံစံမျိုး လုပ်တာ။"

နောက် ချွတ်ယူထားတဲ့ ကျနော့်အင်္ကျီထဲကို ချဲစာရွက်ထည့်ပြီး လောင်းကစားပုဒ်မနဲ့တရားစွဲနေတာပါ။ ကိုမင်းမင်းဟာ ရဲတပ်ဖွဲ့ဝင်တွေရဲ့ရိုက်နှက်မှုကြောင့် ဆေးရုံ ၁၁ ရက်တက်ခဲ့ရပါသေးတယ်။ ဒီအမှုမှာ တရားလိုပြသက်သေတွေအားလုံးဟာ ရဲတပ်ဖွဲ့ဝင်တွေဖြစ်တဲ့အပြင် သူတို့ကို ကြောက်ပြီး ကိုမင်းမင်းအတွက် ဘယ်သူမှ သက်သေမလိုက်ပေးကြဘူးလို့လည်း ကိုမင်းမင်းက ပြောပါတယ်။ ခုလို မတရားခံရတဲ့ ဖြစ်ရပ်နဲ့ပတ်သက်ပြီး အထက်အာဏာပိုင် အဆင့်ဆင့်ကို စာတင်ခဲ့ပေမယ့် အကြောင်းမထူးခဲ့ဘူးလို့ ကိုမင်းမင်းက ပြောပါတယ်။

"ထောင်ကျခံရမယ်ဆိုရင် ကျနော်က ယောကျ်ားသားပါ။ ကျလည်းထည့်မတွက်ပါဘူးဆိုပေမယ့် ကျနော့်မိသားစုမှာတော့ အခက်အခဲကြုံရတာပေါ့။ တနှစ်စာလုံးလည်း ဒုက္ခတွေကြုံခဲ့ပြီ။ သူတို့လုပ်ချင်သလို လုပ်ရတဲ့ကိစ္စပဲ၊ တန်းပြီး ထောင်ချလိုက်ပေါ့။ ဒါပေမယ့် အမှန်တရားပေါ်လွင်မလားဆိုပြီး အထက်လူကြီးတွေကို အားကိုးပြီးတော့ အထက်အရာရှိတွေကိုတင်ပြခဲ့တာပါ။ ဒါပေမယ့် အမှန်တရားရယ်လို့ဖြစ်မလာဘဲ မတရားသက်သက် ကျနော်လက်တွေ့ခံနေရပြီဆိုတဲ့အကြောင်း တတိုင်းပြည်လုံး သိစေချင်တာပါပဲ။"

ဒီတနင်္လာနေ့ကမှာ ကိုမင်းမင်းကို အဲဒီပုဒ်မ ၂ ခုနဲ့ ထောင်ဒဏ် ၁ နှစ်ချမှတ်လိုက်ပြီး ညောင်ဦးထောင်ကိုပို့လိုက်ပြီလို့ သူ့ရဲ မိတ်ဆွေတွေက ပြောပါတယ်။ ကိုမင်းမင်းဟာ သမီး ၃ ယောက်ဖခင်ဖြစ်ပြီး ကားပြင်လုပ်ငန်းမှာ တနေ့ ၂ ထောင်ရတဲ့ဝင်ငွေနဲ့ မိသားစု စားဝတ်နေရေး ဖြေရှင်းနေရသူဖြစ်ပါတယ်။

# ဒေါ်စုကို အကျယ်ချုပ်ပြန်ပို့ပြီးနောက် ဖြစ်နိုင်ဖွယ်ဆွေးနွေးချက်များ

**DVB། ဩဂုတ် ၁၆ ။** ။ ဒေါ်အောင်ဆန်းစုကြည်ကို စီရင်ချက်မချခင်က ဘယ်လိုစီရင်ချက် ချမလဲဆိုတာ အားလုံးက စိတ်ဝင်တစား စောင့်ကြည့်ခဲ့ကြသလို အခု နေအိမ်အကျယ်ချုပ် ပြန်ပို့ပြီးတဲ့အခါမှာ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ အားလုံးက စိတ်ဝင်စားနေကြပါတယ်။

အထူးသဖြင့် အခုတကြိမ် အကျယ်ချုပ်ဟာ အရင်ကလို ပုဒ်မ ၁၀–ခ နဲ့ ဥပဒေစကားလုံးအရ ချထားတာမျိုးမဟုတ်ဘဲ ဒီမိုကရေစီအခွင့်လမ်းတွေကို အတားဆီး မဖြစ်စေလိုတဲ့အတွက်ဆိုတဲ့ စကားလုံးနဲ့ချထားတာမို့ ဆွေးနွေးပွဲတွေဖြစ်လာမလားဆိုပြီး ထင်ကြေးပေးနေတဲ့သူတွေလည်း ရှိပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးလိမ့်မယ်လို့ ဟောကိန်းထုတ်ထားသူ ဝါရှင်တန်မြို့မှ စစ်ထောက်လှမ်းရေးအရာရှိဟောင်း ဗိုလ်မှူးအောင်လင်းထွဋ်ကို ဟောကိန်း လွဲသွားတဲ့သဘောလားဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဗိုလ်မှူးအောင်လင်းထွဋ်က ပြောပါတယ်။

"လွဲသွားပြီလို့ ပြောလို့မရသေးပါဘူး၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မျက်လှည့်ပြလိုက်တာပါ။ ကျနော်ပြောသလို မော်စကို ကို ၃ နှစ်ပို့လိုက်တယ်၊ ပြီးတော့ တဝက်လျှော့တယ်။ လွှတ်သလိုလို မလွှတ်သလိုလို လုပ်တဲ့ ပုံစံမျိုးဖြစ်ပါတယ်။ သူတို့ပြောတဲ့ ပုဒ်မ ၄၀၁ ဆိုတာ အကျယ်ချုပ်ထားလို့ မရပါဘူး။ ၄၀၁ ပြီးရင် လွှတ်ရမှာပဲ။ ကန့်သတ်ချက်ဆိုတာ ၁၀–ခ လည်းမဟုတ်ဘူး။ အဲ့တော့ ဘာပုဒ်မမှလည်းမရှိဘဲနဲ့ ထားထားတာ။ တကယ်တော့ လွှတ်လိုက်တဲ့ သဘောပဲ၊ ဒါကလည်း ဗိုလ်ချုပ်သန်းရွှေ လုပ်လေ့ လုပ်ထရှိတဲ့ ပုံစံအကျင့်ပါပဲ၊ ကျနော် ပြောချင်တာက ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၁၀ ရွေးကောက်ပွဲ မတိုင်ခင်မှာ လွှတ်ကို လွှတ်ရမယ်လို့ ယုံကြည်ပါတယ်။"

လွှတ်သလိုလို ဆက်ဖမ်းထားသလိုလိုမျိုးနဲ့ နေအိမ်အကျယ်ချုပ် ပြန်ပို့လိုက်တဲ့အပေါ် စိတ်သက်သာရာရတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဝင်းတင်က ပြောပါတယ်။

"ဒီနေ့အခြေအနေဟာ ကျေနပ်ဖွယ်ကောင်းတဲ့ ဆုံးဖြတ်ချက်မဟုတ်သော်လည်း စိတ်သက်သာရာ ဆုံးဖြတ်ချက်မျိုးဖြစ်တယ်။ စောင့်ကြည့်ရမယ့် အနေအထားဖြစ်တယ်။ အရပ်စကားပြောရင် မိုက်မိုက်ရိုင်းရိုင်း မလုပ်ဘူး။ ပြေလည်ရာ ပြေလည်ကြောင်းလုပ်တယ်။ ဗိုလ်ချုပ်အောင်ဆန်းသမီး ဖြစ်တယ်တို့၊ ဒီမိုကရေစီရေးတို့၊ တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စ စကားမျိုးတွေပါတော့ အများကြီး စိတ်သက်သာရာရတယ်လို့ ကျနော်ပြောချင်ပါတယ်။"

ထိုင်းနိုင်ငံ အခြေစိုက် နိုင်ငံရေးအကဲခတ်တဦးဖြစ်သူ ဦးအောင်သူငြိမ်းကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ စကားလုံးတွေဟာ အစစ်အမှန်အချက်အလက်မဟုတ်ဘဲ အချိန်ဆွဲတဲ့ ပရိယာယ်တမျိုးသာ ဖြစ်ပုံရတယ်လို့ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ပြန်ပို့ပြီး နောက်ပိုင်း ဆွေးနွေးပွဲတွေ တကယ်ပဲ ပြန်ဖြစ်လာနိုင်သလား၊ ဒါမှမဟုတ် ဒါဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ အချိန်ဆွဲနည်းဗျူဟာ နောက်တနည်းများဖြစ်နေမလားဆိုတာတွေကို ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မီတီဝင်ဦးဝင်းတင်၊ ဝါရှင်တန်မြို့မှ ဗိုလ်မှူးအောင်လင်းထွဋ်နဲ့ ထိုင်း–မြန်မာနယ်စပ်တနေရာမှ နိုင်ငံရေးအကဲခတ် ဦးအောင်သူငြိမ်းတို့က ဆွေးနွေးထားကြတာဖြစ်ပါတယ်။

# အလုပ်ရှင်ကတိုင်၍ ဖူးကက်မြို့ရှိ မြန်မာအလုပ်သမားများ ဖမ်းဆီးခံရ

**DVB། ဩဂုတ် ၁၈ ။** ။ ထိုင်းနိုင်ငံတောင်ပိုင်း ဖူးကတ်မြို့ လေယာဉ်ကွင်းအနားမှာ နေထိုင်တဲ့ အလုပ်သမားတွေ လုပ်အားခမရသလို စားနပ်ရိက္ခာလည်းမရရှိတဲ့အတွက် ဒီနေ့ အလုပ်မဆင်းပဲ ဆန္ဒပြခဲ့ပါတယ်။

ဒီလိုအလုပ်မဆင်းတဲ့အတွက် အလုပ်ရှင်တွေက ရဲကိုဖမ်းခိုင်းလို့ ဒီမနက် ၇ နာရီလောက်မှာ ၉၅ ဦးဖမ်းဆီးခံရတာ ဖြစ်ပါတယ်။ အလုပ်သမားလက်မှတ်လုပ်လို့ လက်မှတ်ဖိုးကို ပြန်ဆပ်ရသလို အလုပ်ရှင်က စားစရာ မပေးတဲ့အတွက် အခုလို အလုပ်မဆင်းဘဲ ဆန္ဒပြရတာဖြစ်တယ်လို့ အလုပ်သမား တဦးဖြစ်တဲ့ ကိုစိန်ထွန်းဝင်းက ပြောပါတယ်။

"ကျနော်တို့ကဒီမှာ အလုပ်လုပ်တာပေါ့နော် အလုပ်လုပ်ရင် သူဌေးက စားနပ်ရိက္ခာ မပေးဘူးဆိုတော့ ကျနော်တို့ စားစရာမရှိဖြစ်နေတယ်။ တခြားနေရာမှာ ဝယ်စားဖို့လည်း ပိုက်ဆံမရှိဘူးလေ။ လက်မှတ်လုပ်တဲ့ အဖိုးအခဖြစ်တယ်၊ စားစရာမရှိလို့ ဒီနေ့တရက် အလုပ်မဆင်းပဲနေတာပါ။ ခါတိုင်း ၆ နာရီဆိုရင် အလုပ်ဆင်းရတယ်။ အလုပ်မဆင်းလို့ ၇ နာရီထိုးမှာ အလုပ်ရှင်လာတယ်။ အလုပ်မဆင်းလဲမေးတယ်၊ ကျနော်တို့ စားစရာမရှိလို့ အလုပ်မဆင်းဘူးလို့ ပြောတယ်။ အဲဒါကိုသူက မင်းတို့အလုပ်ဆင်းမလား၊ ပုလိပ်ရုံးလိုက်မလားလို့ မေးတယ် အကုန်လုံး ဘတ်ရှိတဲ့ လူတွေ ပုလိပ်ရုံးလိုက်သွားတာပေါ့။"

ဖမ်းဆီးခံသူအားလုံးဟာ အလုပ်သမားလက်မှတ်ရှိထားသူ ဖြစ်ပေမယ့် သူတို့ လက်မှတ်တွေကို အလုပ်ရှင်ကပဲ သိမ်းထားတယ်လို့ သူကပြောပြပါတယ်။ ဖမ်းဆီးခံရသူ ၉၅ ဦးထဲက ဒီဆန္ဒပြတာကို ဦးဆောင်တယ်လို့ ယူဆရသူ ၁၈ ဦးကို ဆက်လက်ဖမ်းဆီးထားပြီး အခုလောလောဆယ် သက်ဆိုင်ရာ လူဝန်မှုကြီးကြပ်ရေးရုံးမှာ ထိန်းသိမ်းထားတယ်လို့ အခြေခံလူ့အခွင့်အရေးဌာနရဲ့ အမှုဆောင်ဒါရိုက်တာ ဦးထူးချစ် က ပြောပါတယ်။

"အကုန်လုံးအလုပ်သမားလက်မှတ်ရှိတယ် အကုန်လုံး ၉၅ ယောက်မှာ ပထမဖမ်းတုန်းက အမျိုးသား ၈၀၊ အမျိုးသမီး ၁၅ ယောက် အဲဒီမှာ သွားပို့ပြီး ၁ နာရီလောက်ကြာတဲ့ အချိန်မှာ သူတို့အလုပ်ပြန်လုပ်မယ်ဆိုတဲ့ လူ ၇၇ ယောက် ပြန်လွှတ်ပေးလိုက်တယ်။ အဲဒီတုန်းက အလုပ်သမားတွေကို စည်းရုံးတယ်လို့ ထင်တဲ့ ထိုင်းစကား ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်တဲ့ အလုပ်သမားခေါင်းဆောင်နဲ့ အခြား ၁၈ ယောက်ကိုဖမ်းထားတယ်။ အဲ့ဒီ ၁၈ ယောက်ထဲမှာ ယောကျ်ားလေး ၁၃ ယောက်၊ မိန်းကလေး ၅ ယောက် အခုလွှန်ခဲ့တဲ့ ၅ မိနစ်လောက်ကပဲ ဖမ်းထားတဲ့အချုပ်ကနေ ဖူးကက် လူဝင်မှုကြီးကြပ်ရေးရုံးလာပို့ထားတယ်။"

ဖမ်းဆီးခံထားရဆဲသူတွကို နယ်စပ်ပြန်ပို့ဖို့ ထိုင်းအာဏာပိုင်တွေအနေနဲ့ စီစဉ်နေတယ်လို့ သိရပေမယ့် တရားဥပဒေအရ အလုပ်သမားလက်မှတ်ရှိသူတွေကို ပြန်ပို့လို့မရတဲ့အတွက် မနက်ဖြန်သက်ဆိုင်ရာ လူဝန်မှုကြီးကြပ်ရေးရုံးကိုသွားပြီး ဥပဒေအရတတ်နိုင်တဲ့ ဘက်ကနေဆောင်ရွက်ပေးသွားမယ်လို့ ဦးထူးချစ်က ပြောပါတယ်။

"သူတို့ကနယ်စပ်ပြန်ပို့မယ်လို့ပြောတယ် ဒါကျနော်တို့အဖွဲ့အစည်းအနေနဲ့ မနက်ဖြန်အဲ ဒီ (တောမောင်း)နဲ့သွားပြီးတော့ အဲ့ဒီလက်မှတ်ရှိရဲ့သားနဲ့ နယ်စပ်ပို့လို့မရဘူး၊ သူတို့ သူဌေးအနေနဲ့ အလုပ်သူတို့မလိုတော့ဘူးဆိုလို့ရှိရင် တောင်မှ အလုပ်ရှင် အသစ်ရှာလို့ရအောင် ကျနော်တို့ဒီဘက်ကရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် ဝိုင်းလုပ်ပေးနေတဲ့ အဖွဲ့အစည်းတွေကနေပြီးတော့ တတ်နိုင်သလောက် လိုက်လုပ်ပေးနေတယ်၊ ပြန်လွှတ်လာဖို့ အတွက်ဆိုတာထက် ဒီတရားဥပဒေအကြောင်းအရပေါ့ ကျနော်တို့ ဒီထိုင်းရှေ့နေတွေနဲ့နောက်အခြား ထိုင်း အဖွဲ့အစည်းတွေနဲ့ ကျနော်တို့ပေါင်းပြီးတော့ လုပ်ပေးဖို့လုပ်နေကြတယ်။"

# ထိုင်းရှိ တရုတ်သံရုံးရှေ့မှာ ဆန္ဒပြ

**DVB | ဩဂုတ် ၁၆ ။** ။ မြန်မာ့နိုင်ငံရေးနဲ့ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အမြဲတစေ ဗီတိုအာဏာသုံး ပယ်ချလေ့ရှိတဲ့ တရုတ်နိုင်ငံ အစိုးရမူဝါဒကို လက်မခံနိုင်တဲ့ ထိုင်းနိုင်ငံအခြေစိုက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေက ဒီနေ့မနက်ပိုင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာရှိတဲ့ တရုတ်သံရုံရှေ့မှာ ဆန္ဒပြတောင်းဆိုမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

ဆန္ဒပြပွဲကို နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့၊ ရခိုင်အမျိုးသားများအဖွဲ့နဲ့ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ အသင်းအဖွဲ့သုံးခုပူးပေါင်းပြီး လူအင်အား တရာကျော် ဆန္ဒပြတောင်းဆိုနေကြတာဖြစ်ပါတယ်။ ဒီဆန္ဒပြပွဲကနေ တရုတ်အစိုးရအနေနဲ့ မြန်မာအစိုးရကို အကာကွယ် ပေးနေတာတွေရပ်ဖို့ တောင်းဆိုပါတယ်လို့လည်း ဆန္ဒပြပွဲကို ဦးဆောင်နေသူတဦးဖြစ်တဲ့ ဒေါ်သက်သက်ဦးက ပြောပါတယ်။

“အခု လုံခြုံရေးကောင်စီကလည်း ကူညီပြီး ဖြေရှင်းမယ့်အခါမှာ တရုတ်နိုင်ငံက မြန်မာအစိုးရအတွက် အကာအကွယ်ပေးပြီး ဗီတိုအာဏာအသုံးချပြီး ပယ်ရှားမယ့်ကိစ္စမျိုးတွေ မဖြစ်လာစေဖို့ပေါ့။ ကျမတို့က တရုတ်သံရုံးကို အိတ်ဖွင့်ပေးစာတစောင် ပေးထားတယ်။ မြန်မာအစိုးရကနေ လူမိုက်ဒုံးပြီး ဒီလိုမျိုး အကာအကွယ်ပေးနေတဲ့ကိစ္စတွေမလုပ်ဖို့၊ မြန်မာပြည်သူပြည်သား သန်း ၅၀ ဆင်းရဲဒုက္ခတွေကို လူသားချင်းစာနာပြီး ကြည့်ရှုပေးဖို့ပေါ့၊ မြန်မာပြည်ထဲကို ရောင်းချနေတဲ့ စစ်လက်နက်ပစ္စည်းတွေက နအဖစစ်အုပ်စုကို အထောက်အပံ့ပေးနေတဲ့ကိစ္စတွေဖြစ်လို့ ဒါတွေလည်း မဆောင်ရွက်ဖို့တောင်းဆိုတာပါ။”

ထိုင်းနိုင်ငံအခြေစိုက် ဒီမိုကရေစီအရေးလှုပ်ရှားသူတွေအနေနဲ့ မြန်မာ့အရေးကို လုံခြုံရေးကောင်စီမှာ ကာကွယ်ပြောဆိုလေ့ရှိတဲ့ အခြားနိုင်ငံတွေဖြစ်တဲ့ ရုရှားနဲ့ အိန္ဒိယနိုင်ငံ သံရုံးတွေရှေ့မှာလည်း သွားရောက်ဆန္ဒပြတောင်းဆိုဖို့ ရှိတယ်လို့လည်း ဆန္ဒပြပွဲကို ဦးဆောင်လှုပ်ရှားနေကြသူတွေက ပြောပါတယ်။

# အမေရိကန် ဆီးနိတ်နဲ့ NLD တွေ့ဆုံ

**DVB | ဩဂုတ် ၁၆ ။** ။ မြန်မာနိုင်ငံကို ၃ ရက်ကြာ လာရောက်ခဲ့တဲ့ အမေရိကန်ဆီးနိတ်လွှတ်တော်အမတ် မစ္စတာဂျင်ဝက်ဘ် နဲ့ အမျိုးသာဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များဖြစ်တဲ့ ဦးသန်းထွန်း၊ ဦးစိုးမြင့်နဲ့ ဦးညွန့်ဝေတို့ ၃ ဦး အခုလ ၁၅ ရက်နေ့ မနက်ပိုင်းက နေပြည်တော်မှာ တွေ့ဆုံ ခဲ့ပါတယ်။

နေပြည်တော်မှာ နိုင်ငံရေးပါတီ ၁၀ ခုနဲ့အတူ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်တွေကို တကြိမ်တွေ့ဆုံပြီးတဲ့နောက် အန်အယ်လ်ဒီနဲ့သီးခြား နာရီဝက်ခန့် တွေ့ဆုံတယ်လို့ အဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောပါတယ်။

“ပထမ ပါတီဆယ်ခုနဲ့ အတူတွေ့ရတာပေါ့။ နောက်တခါ အန်အယ်ဒီဘက်က ၂၅ မိနစ်တွေ့ရတယ်၊ အဓိကတော့ သူတို့က ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့ပါ။ မလွှတ်ပေးပဲနဲ့ တိုင်းပြည်နိုင်ငံရေးတည်ငြိမ်မှုတွေမဖြစ်နိုင်ဘူး၊ အဲ့ဒါကိုပဲ သူတို့အဓိက ဖောင်းပေးပြီး သူတို့ဆွေးနွေးသွားတယ်။ ဆီးနိတ်ဒါကတော့ ဒီသတင်းစကားကို အာဏာပိုင်တွေပြောပါ့မယ်ဆိုပြီး ကတိပေးသွားတယ်။ သူ့ဘက်က ဆွေးနွေးတာမရှိဘူး။ သူက တွေ့တဲ့အချိန်မှာ ဗမာပြည်ရဲ့နိုင်ငံရေးအခြေအနေတွေ သိရှိချင်တယ်လို့ လာတာပါလို့ပြောတယ်တဲ့။ ဒီဘက်ကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီး သူ့ရဲ့အနေအထား သူ့ရဲ့လူထုယုံကြည်မှု သူဟာဖြူစင်ရဲ့သားနဲ့ ဒီလိုလုပ်တာဟာ အမျိုးသားရင်ကြားစေ့ရေးနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ အဲ့တော့ အမျိုးသားရင်ကြားစေ့ရေးနဲ့ နိုင်ငံရေး တည်ငြိမ်မှုဆိုရင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးမှဖြစ်မယ်ဆိုတာကို အားလုံးက ဆွေးနွေးလိုက်တယ်လို့ ပြောပါတယ်။”

၁၅ ရက်နေ့ ညနေပိုင်းမှာတော့ မစ္စတာဂျင်ဝက်ဘ်ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ရန်ကုန်က အစိုးရဧည့်ဂေဟာမှာ နာရီဝက်ကျော်ကြာ တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး အဖြူရောင်လှုပ်ရှားမှု စတင်

**DVB | ဩဂုတ် ၁၆ ။** ။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မြောက်ရေးအတွက် အဖွဲ့ချုပ်အဖွဲ့ဝင်တွေ ဦးဆောင်ပြုလုပ်နေတဲ့ အဖြူရောင်လူထု လှုပ်ရှားမှု ဒီနေ့ စတင်နေပြီဖြစ်ပါတယ်။

နေအိမ်အကျယ်ချုပ် တနှစ်ခွဲ ထပ်မံချမှတ်ခံလိုက်ရတဲ့လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နှစ်ရှည်ထောင်ဒဏ်အသီးသီး ကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်မြောက်ရေးအတွက် အဖွဲ့ချုပ် အင်္ဂါဝတ်ပြုဆုတောင်းအဖွဲ့ဝင်တွေ ဦးဆောင်ပြီး အဖြူရောင် လူထုလှုပ်ရှားမှုကို ဒီကနေ့မှာ စတင်လိုက်ကြတာပါ။ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ဘိုကလေး၊ တွံတေး၊ မိတ္ထီလာ၊ မြင်းခြံ၊ တောင်သာ၊ ညောင်ဦးစတဲ့ မြို့နယ်ပေါင်း ၃၀ ကျော်မှာပြုလုပ်ခဲ့ကြပါတယ်။ ဒီလို ပြုလုပ်ခဲ့ကြတာနဲ့ပတ်သက်ပြီး တောင်သာမြို့နယ် အဖွဲ့ချုပ်ဝတ်ပြုဆုတောင်း အဖွဲ့ဝင်တဦးက ပြောပါတယ်။

“မနက်အစောကြီး ၇ နာရီခွဲလောက်မှာ ကျနော် တို့ အန်အယ်ဒီအဖွဲ့ အင်္ကျီအဖြူဝတ်ပြီး တောင်သာမြို့လည်ခေါင်လမ်းမကြီး တလျှောက်သွားတယ်။ မနက်ဖြန်ဆို လူများလာစရာရှိပါတယ်။ ဈေးထဲမှာလည်း ဈေးကအုပ်စုတတချို့ လုပ်ကြတယ်။ ဈေးသူဈေးသားတွေ၊ ပြည်သူလူထုက အခြေအနေကို ဝိုင်းကြည့်နေကြပါတယ်။ လုံခြုံရေးက အခုလောလောဆယ် တိုင်းမှူးလာမယ့် အစီအစဉ်ရှိတော့ မြို့နယ်ရဲတွေ လမ်းဆုံတိုင်း၊ ပွိုင့်တိုင်းမှာ ချထားတဲ့သဘောရှိတယ်။”

မြင်းခြံမြို့နယ်က ဝတ်ပြုဆုတောင်းအဖွဲ့ဝင်တဦးကလည်း ပြောပါတယ်။

“ရှေ့ကလူတွေ ဖမ်းတယ်ဆိုလည်း နောက်က ထွက်တဲ့လူတွေက ဆက်တိုက်သွားနေကြမှာပဲ။ ဒီအလုပ်ကို ဆက်တိုက်လုပ်နေကြမှာပေါ့၊ ဥပမာ ကျနော်တို့ အခုဆိုင်ကယ်စီးတယ်။ ကိုယ်မရှိလည်းစီးမှာပဲ။ ဒီအဖွဲ့မရှိလည်း နောက်အဖွဲ့စီးကြဦးမှာပဲ။ နောက်ရက်မှာဆို ဂျီတီစီကျောင်းသားတွေ၊ တက္ကသိုလ်ကျောင်းသားတွေလည်း အင်္ကျီအဖြူတွေနဲ့ ပတ်ဖို့ အစီအစဉ်တွေရှိတယ်။”

ပြည်သူလူထုတရပ်လုံး အဖြူရောင်လူထုလှုပ်ရှားမှုမှာ ပါဝင်လာအောင် ဆောင်ရွက်နေတာဟာ နအဖအနေနဲ့ ပြုပြင်ပြောင်းလဲရေးအတွက် တွေ့ဆုံဆွေးနွေးရေးပြုလုပ်စေချင်တာကြောင့်ပါလို့ ဝတ်ပြုဆုတောင်းအဖွဲ့ဝင်တဦးဖြစ်တဲ့ မိတ္ထီလာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

“ကျမတို့ အခုချိန်ထိ ဥပဒေဘောင်ကို ချိုးဖောက်တာ တခုမှမရှိသေးပါဘူး။ လူထုပါဝင်လာတဲ့လမ်းကြောင်းနဲ့ နအဖကို တွေ့ဆုံဆွေးနွေးလမ်းကြောင်းပေါ် တွန်းတင်ပေးချင်တဲ့ သဘောတရားပါ။ ဒီကြားထဲကမှ အောင်မြင်မှုအနေအထား၊ လူထုပါဝင်မှုအနေအထားအပေါ်မှာ မူတည်ပြီးတော့ နအဖအနေနဲ့ အရေးယူလာရင်လည်း ကျမတို့က ရင်ဆိုင်ဖို့အဆင်သင့်ပါပဲ။”

“နိုင်ငံရေးစကားထက်စာလို့ရှိရင် ပြည်သူလူထုတရပ်လုံးက ငြိမ်းချမ်းသောနည်းနဲ့ မိမိဆန္ဒကိုထုတ်ဖော်တာ၊ ဥပဒေဘောင်ကို ချိုးဖောက်တာမဟုတ်တာကြောင့် ပါဝင်ဖို့လိုတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မြောက်စေချင်တယ်ဆိုရင် ဒီအဖြူရောင် ကမ်ပိန်းမှာပါဝင်ပါ။ အင်္ကျီတွေ ဝတ်ခဲ့ပါလို့ ကျမတို့ ပြောခဲ့တယ်။”

ဒီနေ့စတင်ပြုလုပ်တဲ့ အဖြူရောင်လူထုလှုပ်ရှားမှုမှာ ဦးဆောင်သူတွေကို အာဏာပိုင်တွေဘက်က နှောင့်ယှက်ဟန့်တားတာမျိုး မရှိသေးပေမယ့် စောင့်ကြည့်တာ၊ မှတ်တမ်းတင်ဓါတ်ပုံရိုက်ယူတာတွေတော့ရှိတယ်လို့ ဝတ်ပြုဆုတောင်းအဖွဲ့ဝင်တွေက ပြောပါတယ်၊ ကျောင်းသား ပြည်သူလူထုတရပ်လုံးအနေနဲ့လည်း ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး၊ တွေ့ဆုံဆွေးနွေးရေးတွေ ဖြစ်မြောက်ဖို့အတွက် အဝတ်ဖြူရောင်အင်္ကျီတွေကို ဝတ်ဆင်ပြီး အဖြူရောင်လူထုလှုပ်ရှားမှုမှာပါဝင်ကြဖို့ ဝတ်ပြုဆုတောင်းအဖွဲ့တွေက တောင်းဆိုထားပါတယ်။

# ပဲခူးမြို့တွင် မီးဖြတ်တောက်မှုများကြောင့် ပြည်သူလူထု ဒုက္ခရောက်

**DVB ၊ ဩဂုတ် ၂၁ ။** ။ ပဲခူးမြို့မှာ မြို့နယ်လျှပ်စစ်ရုံး (အီးပီစီ) က သွယ်ပေးတဲ့ လမ်းဘေးမီးတွေကို မြို့နယ်နဲ့ တိုင်းလျှပ်စစ်ဌာနတွေက ဒဏ်ငွေဆောင်ခိုင်းလို့ ဒဏ်ငွေမပေးတဲ့သူတွေကို မီးဖြတ်တောက်နေပါတယ်။

ပဲခူးတိုင်းနဲ့ မြို့နယ်လျှပ်စစ်ဌာန ပူးပေါင်းပြီး ပဲခူးမြို့တွင်းမှာ လမ်းဘေးမီးသွယ်တန်းသုံးနေသူတွေကို ၁၀ ရက်နေ့က ဖမ်းဆီးပြီး ၅ သောင်းကနေ တသိန်းခွဲအထိ ဒဏ်ငွေရိုက်ခဲ့ပါတယ်။ ဒီလ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး ဒဏ်ငွေပေးဆောင်ရမယ်လို့လည်း ပြောဆိုခဲ့ပါတယ်။ ပဲခူးမြို့သားတွေဟာ တခြားဒေသတွေမှာလိုပဲ မီးပုံမှန်မလာလို့ မြို့နယ်အီးပီစီရုံးနဲ့ အခကြေးငွေပေးညှိနှိုင်းပြီး မီးသုံးနေရတာ ကြာမြင့်ပြီဖြစ်ပေမယ့် အခုဒဏ်ငွေမဆောင်သူတွေ မီးဖြတ်ခံရတယ်လို့ မြို့ခံတဦးက ပြောပါတယ်။

"အီးပီစီရုံးက လမ်းမီးတွေချိတ်ပေးတယ်။ မိန်းလိုင်းကနေ ကြိုးတွေသွယ်ပေးတယ်။ လိုင်းမင်းသမားတွေကို တလ ၁ သောင်းခွဲပေးရတယ်။ ခု မြို့နယ်လျှပ်စစ်၊ တိုင်းလျှပ်စစ်တို့က စစ်ဆေးတော့ ဒဏ်ငွေတွေရိုက်ရော။ တချို့ ၄ သောင်းကနေ ၆ သောင်းအထိ အရိုက်ခံရတယ်။ တချို့ဆို ၁ သိန်း၊ ၁ သိန်းခွဲ အရိုက်ခံရတယ်။ လုပ်ငန်းကြီးသမားတွေဆို သိန်း ၂၀၊ ၃၀ အထိတောင် အရိုက်ခံရတယ်။ ပြည်သူတွေက အီးပီစီလုပ်ပေးလို့ လုပ်ရတာပါဆိုတော့ အဲဒါ အီးပီစီနဲ့မဆိုင်ဘူး၊ ခိုးချိတ်တာဆိုပြီး ပြည်သူကို တရားခံပြန်လုပ်ပစ်လိုက်တယ်။ ပြီးတော့ ဒဏ်ဆောင်ခိုင်းတယ်။ မဆောင်ရင် မီးဖြတ်မယ်ပြောတယ်။ လူတွေက စီးပွားရေးကျပ်တည်းတော့ ဒဏ်ဆောင်ဖို့ မလွယ်ဘူးလေ။ သတ်မှတ်ရက်အတွင်း သွားမဆောင်တော့ မီးဖြတ်ပစ်လိုက်တော့ မီးမရှိဘဲ အမှောင်ထဲမှာ နေနေရတယ်။"

အခု မီးဖြတ်ထားတာ ၆ ရက်ရှိပြီလို့ ပြောပါတယ်၊ မြို့လယ်ရှိ စစ်မှုထမ်းဟောင်း တန်းလျားမှာလည်း လွန်ခဲ့တဲ့ ၅ နှစ်ခန့်ကတည်းက အီးပီစီကနေ သွယ်တန်းပေးတဲ့မီးကို အသုံးပြုခဲ့ပေမယ့် တရားမဝင်မီးဖြစ်တဲ့အတွက် တိုင်းလျှပ်စစ်ဌာနက ဒဏ်ငွေတသိန်းနှစ်သောင်း ဆောင်ခိုင်းပါတယ်။ ဒဏ်ငွေမဆောင်တော့ စစ်မှုထမ်းဟောင်းတန်းလျား ဆိုင်ခန်းတွေကို မီးဖြတ်ပစ်တယ်လို့ အဲဒီမြို့ခံကပဲ ပြောပါတယ်။

"ဆိုင်ခန်းတိုင်းကို ဆပ်မီတာတွေတပ်၊ မီတာကတော့ တလုံးတည်းထား။ မီတာတလုံးတည်းကနေ ဆပ်မီတာတွေကို မီးပေးပြီးတော့ ဆိုင်ခန်းတွေကို မီးရအောင်လုပ်ပေးမယ်ဆိုပြီးတော့ အီးပီစီကနေ သတ်မှတ်ပေးလိုက်တယ်။ အဲဒီလိုနေလာတာ ၆ နှစ်လောက်ရှိပြီ။ ခုမှ တိုင်းက မီးဝင်စစ်တယ်ဆိုပြီးတော့ ဆပ်မီတာတပ်တဲ့အတွက် တခန်းကို ၁ သိန်း ၂ သောင်း ဒဏ်ဆောင်ရမယ်တဲ့၊ ဆိုင်ခန်းတွေက အီးပီစီကလုပ်ပေးထားတာဆိုတော့ အီးပီစီနဲ့မဆိုင်ဘူး၊ မီးခိုးချိတ်ထားတာတဲ့။ ဒဏ်ဆောင်ဆိုတော့ စီးပွားရေးကလည်း အဲလောက် ကောင်းတာမဟုတ်ဘူး။ မဆောင်ရင် မီးဖြတ်တယ်ဆိုပြီး အခုအချိန်အထိမီးမပေးဘူး၊ အလားတူတိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ဆိုင်ခန်းတွေနဲ့ အင်တာနက်ဆိုင်တွေမှာလည်း လျှပ်စစ်မီတာကို ဆင့်ပွားအသုံးပြုတယ်ဆိုပြီး ဒဏ်ငွေဆောင်ခိုင်းပါတယ်။ လမ်းဘေးမီးသွယ်တန်းသူတွေကို ဝင်ရောက်ဖမ်းဆီးတာဖြစ်ပေမယ့် ဒီဖမ်းဆီးမှုမှာ မျှတမှု မရှိဘူးလို့ အင်တာနက်ဆိုင်ပိုင်ရှင်တဦးက ပြောပါတယ်။

"အပေါ်ကနေ ထောင်းတော့ လုပ်ငန်းသေးတွေကို သူတို့ အဖမ်းပြတာ။ သိန်းနဲ့ချီတောင်းထားတဲ့ ရေခဲစက်တွေ၊ ရေသန့်တွေ၊ လုပ်ငန်းရှင် အကြီးစားတွေကို ၂၄ နာရီ ပေးထားတာတွေ အများကြီးရှိတယ်။ ကျနော်တို့ကို ဖမ်းတယ်ဆိုတာတရားဝင်ပဲ။ ကျနော်တို့ မီတာခလည်းဆောင်တယ်။ မီတာတွေ တပ်ပေးထားတာလည်း လျှပ်စစ်ရုံးကပဲ တပ်ပေးထားတာ။ သိသိကြီးနဲ့ တမင်လုပ်တာ။"

လတ်တလော မီးပြတ်တောက်မှုကြောင့် လျှပ်စစ်မီးကို မှီခိုလုပ်ကိုင်နေတဲ့ လုပ်ငန်းငယ်တွေ အခက်တွေ့ရသလို စာဖတ်ချိန်မီးမလာတဲ့အတွက် ကျောင်းသားတွေလည်း ဒုက္ခရောက်ကြတယ်လို့ မြို့ခံတွေက ပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အီးပီစီရုံးတာဝန်ကျဝန်ထမ်းတဦးက အထက်အရာရှိတွေ လုပ်တာဖြစ်တဲ့အတွက် သူတို့ဘာမှမတတ်နိုင်ကြောင်း ပြောပါတယ်။

"လောလောဆယ် တရားမဝင်လိုင်းတွေ ဆွဲထားတော့ ဖမ်းတာဆီးတာရှိမှာပေါ့။ ရုံးမှာ လာပြောမှရမယ်။ ကျနော်တို့နဲ့ ဘာမှမဆိုင်ဘူး။ ကျနော်တို့ လာလုပ်တာမှ မဟုတ်တာ။ လက်ရှိအထက်အရာရှိတွေ ဘယ်လိုလုပ်ကြမလဲဆိုတာ ကျနော်တော့မသိဘူး။"

အရင်နှစ်တွေက မိုးရာသီဆို ပဲခူးမြို့မှာ မီးပြတ်တောက်မှုမရှိပေမယ့် ဒီနှစ်မှာတော့ တရက်ကို ၆ နာရီပဲ မီးရရှိတယ်လို့ ပဲခူးမြို့ခံတွေက ပြောပါတယ်။

---

# ဆန္ဒပြသူ လူငယ်ကဗျာဆရာ ပြန်လွတ်

**DVB ၊ ဩဂုတ် ၂၀ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်ချမှတ်တဲ့အပေါ် မကျေနပ်လို့ ဆန္ဒပြခဲ့တဲ့အတွက် ဖမ်းဆီးခံရတဲ့ ပျဉ်းမနားမြို့က လူငယ်ကဗျာဆရာ ကိုညီဗလကို အာဏာပိုင်တွေကခံဝန်နဲ့ ပြန်လွှတ်ပေးလိုက်ပြီလို့ မိသားစုက ပြောပါတယ်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်အမိန့်ချမှတ်ခဲ့တဲ့ ဩဂုတ်လ ၁၁ ရက် နေ့ခင်းပိုင်းမှာ ပျဉ်းမနားမြို့ ဗိုလ်ချုပ်အောင်ဆန်း ကျောက်တိုင်ရှေ့ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးပါဆိုတဲ့ ဆိုင်းဘုတ်ကို ကိုင်ဆောင်ပြီးဆန္ဒပြခဲ့ပါတယ်။ အဲဒီနောက် အာဏာပိုင်တွေ ချက်ချင်းရောက်လာပြီး သူ့ကို ယုဇနဈေးအနီးမှာ ဖမ်းဆီးသွားခဲ့တာပါ။ သူ့ကို ပျဉ်းမနားရဲစခန်းမှာ ချုပ်နှောင်စစ်ဆေးပြီးနောက် ဩဂုတ်လ ၁၈ ရက်နေ့မှာ မိဘတွေကို ခေါ်ယူကာ ခံဝန်ကတိလက်မှတ်ရေးထိုးခိုင်းပြီး ပြန်လွှတ်ပေးခဲ့ပါတယ်။

ကိုညီဗလအတွက် အမေနဲ့ အစ်မဖြစ်သူက ကတိခံဝန်ချုပ်နဲ့အာမခံတဲ့အတွက် ပြန်လွှတ်လာတယ်လို့ ယောက်ဖတော်စပ်သူ ကိုလွင်ကိုကိုက အတည်ပြုပြောဆိုပါတယ်။ မိသားစုက ကိုညီဗလ နိုင်ငံရေးပြန်လုပ်မှာကို စိုးရိမ်နေတဲ့အတွက် သူ့ကိုတိုက်ရိုက်မေးမြန်းခွင့် မပြုခဲ့ပါဘူး။ ကဗျာ ကိုညီဗလရဲ့အခုလို ဆန္ဒပြခဲ့တဲ့ လုပ်ရပ်ကြောင့် မြို့ခံတွေကြား လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့တယ်လို့ မြို့ခံတဦးက ပြောပြခဲ့ပါတယ်။

"လွှတ်ပြီ၊ ၂ ရက်လောက်ရှိသွားပြီ၊ ကဗျာဆရာပါ၊ နံမည်ကြီးတော့မဟုတ်ဘူး။ ဘွဲ့ရလူငယ်ပါပဲ။ အေးအေးဆေးဆေးနေတာပါ။ သူ့ကြောင့် နည်းနည်းတော့ လှုပ်လှုပ်ရှားရှား ဖြစ်သွားတာပေါ့။"

ကိုညီဗလဟာ အသက် ၃၁ နှစ်အရွယ်၊ မြန်မာစာအဓိကနဲ့ ဘွဲ့ရထားကာ လူငယ်ကဗျာဆရာတဦးအဖြစ် ပိတောက်ပွင့်သစ် မဂ္ဂဇင်းအပါအဝင် အခြားမဂ္ဂဇင်းတော်တော်များများမှာ ကဗျာရေးသားနေသူလို့သိရပါတယ်။

---

### ပြကွဒိန်မှ

**ဩဂုတ် ၂၁ ၊ Irrawaddy ။ ။** ဂျပန်အစိုးရဖိတ်ကြားချက်ဖြင့် လယ်၊ စိုက်ဝန်ကြီးနှင့် ကြံ့ဖွံ့လူကြီးဖြစ်သူ ဗိုလ်ချုပ်ဌေးဦးသည် ဂျပန်သို့ရောက်နေခဲ့၏။

**ဩဂုတ် ၂၁ ၊ Channel NewsAsia ။ ။** မြန်မာအပေါ် အမေရိကန်၏မူ ပြောင်းလဲသင့်မသင့် ဝါရှင်တန်တွင် ခေါင်းချင်းရိုက်နေ၏။

**ဩဂုတ် ၂၁ ၊ Newsweek ။ ။** နအဖအစိုးရဖြစ်နေသ၍ မြန်မာပြည်သူပြည်သားများ မျှော်ကိုးချက်မရှိဟု NCGUB ဝန်ကြီးချုပ်ဦးစိန်ဝင်းမှဆို၏။

**ဩဂုတ် ၂၂ ၊ Manila Times ။ ။** ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး စုပေါင်းတောင်းဆိုစာရေးရန် အာဆီယံထိပ်သီးများ အကြမ်းမျဉ်းသဘောတူပြီးကြောင်း။

# စစ်အစိုးရရဲ့ အသွင်ကူးပြောင်းရေး အစီအစဉ် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်

**DVB | ဩဂုတ် ၁၈ ။** ။ နအဖစစ်အုပ်စုဟာ ၂၀၁၀ ရွေးကောက်ပွဲလုပ်ပေးပြီးရင် အရပ်သားအစိုးရကို အာဏာလွှဲပြောင်းပေးရတော့မှာဖြစ်တဲ့အတွက် တပ်မတော်ထဲမှာ အာဏာလွှဲပြောင်းရေးအတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေပါတယ်။

နအဖစစ်အုပ်စုဟာ လာမယ့် ၂၀၁၀ မှာ ရွေးကောက်ပွဲ လုပ်ပေးမယ်လို့အစိုးရရဲ့ တရားဝင်ကြေညာချက်တွေအရ သိရပေမယ့် အခုချိန်ထိ ရွေးကောက်ပွဲနဲ့ပတ်သတ်တဲ့ ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေတို့လည်း ထွက်မလာသေးပါဘူး။ ရွေးကောက်ပွဲကိုတောင် ဘယ်နေ့ ဘယ်လမှာ ကျင်းပမယ်ဆိုတာကို ကြေညာချက် ထုတ်ပြန်ထားခြင်း မရှိသေးပါဘူး၊ တပ်မတော်ထဲမှာတော့ ရွေးကောက်ပွဲအတွက်ပြင်ဆင်မှုတွေလုပ်နေတယ်လို နေပြည်တော် တိုင်းစစ်ဌာနချုပ်က အရာရှိတချို့က ပြောပါတယ်။ မြန်မာတပ်မတော်ထဲမှာ ပြီးခဲ့တဲ့ လေးလပတ်အစည်းဝေးကတည်းက အရာရှိနဲ့ အခြားအဆင့် စစ်သည်တွေကို ရွေးကောက်ပွဲနဲ့ ရွေးကောက်ပွဲအပြီး အရပ်သားအစိုးရအတွက် စီစစ်နေတယ်လိုပြောပါတယ်။

အရာရှိတချို့အပြောအရ နေပြည်တော် စစ်ရုံးချုပ်ကနေ အရာရှိနဲ့ အခြားအဆင့် စစ်သည်တွေကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ခံ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နဲ့ ပြည်ထောင်စုလွှတ်တော်နဲ့ အမျိုးသားလွှတ်တော်အတွက် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် အမည်စာရင်းတို့ကို စိစစ်နေတယ်လိုလည်း ပြောဆိုကြပါတယ်။ နောက်တချိန် အရပ်သားအစိုးရသစ်ဖွဲ့စည်းတဲ့အခါ အရပ်ဘက်အုပ်ချုပ်ရေးရဲ့ အရေးပါဆုံးဌာနဖြစ်တဲ့ ယခုအခါ အရပ်သားအများစုနဲ့ဖွဲ့စည်းထားတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို စစ်တပ်က ပြောင်းရွှေ့မယ့် အရာရှိတွေနဲ့တိုးချဲ့ဖွဲ့စည်းသွားမယ်လို့သိရပါတယ်။ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တို့အတွက် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်လောင်းတွေကို ရွေးချယ်ရာမှာ ဗိုလ်ချုပ်ကြီးများ လိုလာတဲ့ တပ်မတော်သားအရာရှိတွေကိုလည်း ရွေးချယ်နေတယ်လို သိရပါတယ်။

အရာရှိအချို့ရဲ့ ပြောပြချက်အရ အရာရှိနဲ့အခြားအဆင့် တပ်မတော်သားဦးရေ စုစုပေါင်းတသောင်းနီးပါးလောက် လိုအပ်တယ်၊ အခုချိန်ထိ ဗိုလ်ချုပ်ကြီးတွေ လိုလာတဲ့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်မယ့် ဦးရေမပြည့်သေးဘူးလည်းဆိုပါတယ်။ တချိန်တည်းမှာပဲ အရာရှိအချို့ရဲ့ အဆိုအရ စစ်တပ်ထောက်ခံတဲ့ အရပ်သားအစိုးရ ဖွဲ့နိုင်ရေးအတွက်လိုအပ်တဲ့ အမတ်ဦးရေရဖို့ ဝန်ကြီးတွေ၊ စစ်တပ်အရာရှိကြီးတွေဟာ မဲဆန္ဒနယ်တွေမှာ ပါဝင်ယှဉ်ပြိုင်ရမှာဖြစ်ပေမယ့် ပြည်သူလူထုရဲ့ ထောက်ခံမဲ ရမယ် မရဘူးဆိုတာတွေကို စိုးရိမ်နေကြတယ်လို့ ပြောဆိုပါတယ်။

ထိုင်းနိုင်ငံအခြေစိုက် မြန်မာစစ်တပ် ရေးရာလေ့လာသူ ဦးဌေးအောင်ကတော့ နအဖစစ်အုပ်စုဟာ ၂၀၁၀ ရွေးကောက်ပွဲအတွက်ပြင်ဆင်နေတယ်။ တပ်မတော်က အလိုအလျှောက် လွှတ်တော်ကိုယ်စားလှယ်ဖြစ်မယ့် အမတ်နေရာ ၂၅ ရာခိုင်နှုန်းနေရာယူမယ့်အပြင် အစိုးရဌာနများကိုလည်း စစ်တပ်က ဝန်ထမ်းဟောင်းတွေနဲ့ ပြောင်းရွှေ့ခန့်ထားတာတွေလုပ်နေတယ်လို့ပြောပါတယ်။

"စစ်အုပ်စု သူ့အနေနဲ့ အခြေခံဥပဒေအရဆိုရင် ၂၅ ရာခိုင်နှုန်းကရွေးကောက်ပွဲမဝင်ပဲနဲ့ သူတို့ရမယ်၊ ကျန်တဲ့နေရာတွေကိုလည်း သူတို့အနေနဲ့ လိုလားသူတွေ ရရှိဖို့အတွက် မသိစိတ်က အငြိမ်းစားယူမယ့် လူတချို့ကို ပါတီစုံဖွဲ့ပြီးတော့ ဝင်ရောက်ရွေးချယ်ခံဖို့ သူတို့လူကြီးတွေတချို့ကို အခုကတည်းက စည်းရုံးရေး လုပ်ခိုင်းဖို့သတင်းတွေကြားနေရပါတယ်။ စစ်အုပ်စုကတော့ ဒီနှစ်ကုန်ထဲမှာလည်း သူ့ရဲ့ ၂၅ ရာခိုင်နှုန်းအပြင် သူတို့လိုလားသူတွေရအောင် ကြိုးစားနေသလို ဝန်ကြီးဌာနအသီးသီး၊ အုပ်ချုပ်ရေးဌာနအသီးသီးမှာလည်း စစ်ဗိုလ် လူထွက်တွေကို သူတို့က ဝန်ထမ်းတွေအဖြစ်နဲ့ နေရာယူဖို့အတွက် အခုကတည်းက အုပ်ချုပ်ရေးပုံစံတွေကို ပြောင်းလဲနေတာတွေ၊ ပြောင်းရွှေ့လုပ်ကိုင်နေတယ်ဆိုတာ ကြားနေရပါတယ်။"

စစ်တပ်ထောက်ခံတဲ့ အစိုးရဖွဲ့ဖို့အတွက် လုံလောက်တဲ့ အမတ်ဦးရေ အရည်အတွက်ရရှိဖို့ စစ်တပ်အရာရှိတွေနဲ့ ဝန်ကြီးတွေဟာ ပြည်သူလူထုရဲ့ ရွေးချယ်ခံဖို့လိုပါတယ်။ ဒါပေမယ့် အရွေးချယ်ခံနိုင်တယ်၊ မနိုင်ဘူးဆိုတာတော့ အတတ်မပြောနိုင်ကြောင်း ဦးဌေးအောင်က ပြောဆိုသွားပါတယ်။

# ဗကပ ပါတီနှစ် ၇၀ ပြည့် အထိမ်းအမှတ်တွင် ပြည်သူသို့ ကတိပြု

**DVB | ဩဂုတ် ၁၆ ။** ။ အခု မြေအောက်ပါတီအဖြစ်ရပ်တည်နေတဲ့ ဗမာပြည် ကွန်မြူနစ်ပါတီဟာ ဩဂုတ်လ ၁၅ ရက်နေ့မှာ ပါတီထူထောင်ခဲ့တဲ့သက်တမ်း နှစ် ၇၀ ပြည့်ခဲ့ပါတယ်။

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးနဲ့ လွတ်လပ်ရေးတိုက်ပွဲတလျှောက် ပါဝင်တိုက်ပွဲဆင်နွှဲခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ သက်တမ်းဟာ မနေ့က နှစ် ၇၀ ပြည့်သွားပြီ ဖြစ်ပြီး ပါတီသက်တမ်းနှစ် ၇၀ အတွင်း ပါတီရဲ့လမ်းကြောင်း ဖြောင့်ခဲ့တာရှိသလို ကွေ့ကောက်ခဲ့တာ၊ မဖြောင့်တန်းခဲ့တာတွေလည်း ရှိခဲ့တယ်လို့ ပါတီရဲ့ပြောရေးဆိုခွင့်ရှိသူ ရဲဘော်ဖိုးသံချောင်းက ပြောပါတယ်။ လက်ရှိ မြန်မာပြည်နိုင်ငံရေး အခင်းအကျင်းနဲ့ပတ်သက်လို့ ဗကပ ပါတီရဲ့ အမြင်သဘောထားနဲ့ ပတ်သက်ပြီးတော့လည်း ရဲဘော် ဖိုးသံချောင်းက ပြောပါတယ်။

"လက်တွေ့အကျဆုံးဟာ၊ လက်ရှိဟာကိုပဲပြောပ့ါမယ်၊ ကျနော်တို့ ဗမာပြည်ရဲ့နိုင်ငံရေးဟာ နအဖ ရဲ့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနဲ့အတူ ဗမာပြည်နိုင်ငံရေးဟာ အကွေ့အချိုးတခုကို ရောက်လာနိုင်ပါတယ်။ နအဖ ဟာလည်း အဲ့ဒီအတွက် အကုန်လုံးကိုပြင်ပြီး စောင့်နေတာပါ။ ဒီအကွေ့အချိုးမှာ အပြောင်းအလဲတွေ အများကြီးရှိကြမှာပဲ၊ ကျနော်တို့ ဗမာပြည်သူလူထုအတွက် ရှေ့လာမယ့် တိုက်ပွဲဟာ အရေးလည်းကြီးမယ်၊ ခက်လည်းခက်ခဲမယ်။ အဲ့ဒီအတွက် ကျနော်တို့ဘက်က သေသေချာချာ ပြင်ဆင်ဖို့လိုတယ်။ "နံပါတ် ၁ က အတွေးအခေါ်အရ ရှင်းထားဖို့လိုပါတယ်။ နအဖနဲ့ သူတို့ ၂၀၀၈ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ အပေါ်မှာ အတွေးအခေါ်အရ ပြတ်ပြတ်သားသား ရှင်းထားဖို့လိုတယ်လို့ ထင်တယ်၊ အဲ့ဒါတွေအပေါ်မှာ ကျနော်တို့မျက်စိလည်ပြီး ထောက်ခံမိလို့ရှိရင် ကျနော်တို့ရပ်တည်ချက်တွေများပြီး အကုန်လုံးပိုရှုပ်ထွေးကုန်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြင်ဆင်တယ်ဆိုတဲ့နေရာမှာ နံပါတ် ၁ က အတွေးအခေါ်ကစပြီး ပြင်ဆင်။ လက်တွေ့ကျတဲ့ စည်းရုံးရေး၊ လျှို့ဝှက်ရေးတွေပြင်ဆင်ဖို့ လိုပြီလို့ကျနော်ထင်ပါတယ်။"

ဗမာပြည်ကွန်မြူနစ်ပါတီကို လွန်ခဲ့တဲ့ ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ ရန်ကုန် ဘားလမ်း၊ အခုရွှေဘုံသာလမ်းက အခန်းတခန်းမှာ စတင်ဖွဲ့စည်းခဲ့တာပါ။ ဗကပပါတီ စတင်ဖွဲ့စည်းထူထောင်ရာမှာ ပါဝင်ခဲ့တဲ့သူတွေက သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်ဗဟိန်း၊ မစ္စတာဂိုရှယ် (ခေါ်) ရဲဘော်ဘတင်၊ သခင်လှဖေ၊ ရဲဘော်ထွန်းမောင် (ခေါ်) ဒေါက်တာမက်နဲ့ သခင်ဘိုတို့ ဖြစ်ပါတယ်။ ပါတီသက်တမ်း နှစ် ၇၀ မှာ ၃ နှစ်သာ မြေပေါ်မှာ ရပ်တည်လှုပ်ရှားခဲ့ရပြီး ကျန်တဲ့ ၆၇ နှစ်လုံးလုံး မြေအောက်ပါတီအဖြစ် ရပ်တည်ခဲ့ရတာပါ၊ ဗကပပါတီရဲ့ နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ် ပြည်သူလူထုကို ပြောချင်တာတွေနဲ့ ပတ်သက်ပြီး ပါတီရဲ့ပြောရေးဆိုခွင့်ရှိသူ ရဲဘော်သံချောင်းက ပြောပါတယ်။

"ဗမာပြည်သူလူထုဟာ ပါတီရဲ့ အနှစ် ၇၀ ကြာ အစဉ်အလာအတိုင်းပဲ ရှေ့ဆက် ချီတက်ရာမှာလည်း ပြည်သူလူထုအပေါ်မှာ အလုပ်အကျွေးပြုပြီး ဗမာပြည်ကို အဓိက အန္တရာယ်ပေးနေတဲ့၊ ဒုက္ခပေးနေတဲ့ စစ်အုပ်စု စစ်အာဏာရှင်စနစ်နဲ့ စစ်အစိုးရစနစ်၊ စစ်သုံး စစ်ဗိုလ်တို့ ပျက်သုဉ်းတဲ့အထိ ကျနော်တို့ရှိသမျှအင်အားနဲ့ အတတ်နိုင်ဆုံး အစွမ်းကုန် ကိုယ်ကျိုးမဖက်ဘဲ တိုက်ပွဲဝင်သွားမယ်ဆိုတာ ပြည်သူလူထုကို ကတိပေးလိုပါတယ်။"

# လူထုလှုပ်ရှားမှုနှင့် ဒီမိုကရေစီပြောင်းလဲခြင်းဖြစ်စဉ်

ခင်မမမျိုး

ဒီမိုကရေစီဆိုတာ စနစ်တခုဖြစ်ပါတယ်။ စနစ်တခုဖြစ်တာကြောင့် တည်ဆောက်ယူရပါတယ်။ တချို့က ဒီမိုကရေစီဆိုတာကို အာဏာရှင်တွေဆီက တောင်းယူလို့ရမယ်လို့ ထင်တတ်ကြပါတယ်။ ဒါပေမယ့် အာဏာရှင်ဆိုတာက အာဏာရှင်စနစ်ကို တည်ဆောက်နေသူများဖြစ်တာကြောင့် အာဏာရှင်ဆီမှာမရှိတဲ့ ဒီမိုကရေစီကို တောင်းယူလို့မရပါ။

ဒီတော့ တောင်းယူလို့မရရင် တိုက်ယူလို့ရမလားလို့ မေးစရာရှိလာပါတယ်။ တိုက်ယူတယ်လို့ဆိုရင်တော့ မရပါဘူး။ တိုက်တာကတော့ တိုက်ရပါမယ်။ လူထုတိုက်ပွဲအသွင်နဲ့ဘဲဖြစ်ဖြစ်၊ လက်နက်ကိုင်တိုက်ပွဲအနေနဲ့ဖြစ်ဖြစ်၊ နိုင်ငံတကာအကူအညီ ပေါင်းစပ်ပါဝင်မှုနဲ့ဘဲဖြစ်ဖြစ် တိုက်ရပါမယ်။ နိုင်ငံတကာအကူအညီ ပေါင်းစပ်ပါဝင်မှုလို့ဘဲ ဆိုထားပါတယ်။ နိုင်ငံတကာတိုက်ပွဲနဲ့လို့ ဆိုလိုတာမဟုတ်ပါ။ နိုင်ငံတကာက စစ်မျက်နှာတခုအနေနဲ့ဘဲ အသုံးဝင်ပါတယ်။ ဒီလိုတိုက်ရာမှာ အာဏာရှင်စနစ်ဆိုတဲ့ စနစ်ကိုတိုက်ရပါမယ်။ စနစ်ရဲ့ဆိုးကျိုးတွေကို ဖော်ထုတ်ရပါမယ်။ အာဏာရှင်စနစ်ကိုတိုက်ပြီး ဒီမိုကရေစီစနစ်ကို တည်ဆောက်ယူရပါမယ်။ ဒီမိုကရေစီပြောင်းလဲခြင်းဖြစ်စဉ်မှာက သဏ္ဌာန်အမျိုးမျိုးရှိပါတယ်။

### ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ် အသွင်သဏ္ဌာန်များ

အချို့က ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ အခြေတည်တဲ့ ပြောင်းလဲမှုဖြစ်စဉ်ကို လက်ခံယုံကြည်ကြပါတယ်။ ဒီဖြစ်စဉ်အရဆိုရင် ဒီမိုကရေစီစနစ်တည်ဆောက်မှုမတိုင်ခင်မှာ စီးပွားရေးတိုးတက်မှုရှိရမယ်၊ Civil Society အားကောင်းဘို့ လိုအပ်မယ်လို့ ယူဆကြပါတယ်။ ဒါကြောင့် စီးပွားရေး၊ လူမှုရေး တိုးတက်မှုကို ဦးစားပေးလုပ်ဆောင်ရမယ်လို့ ဆိုကြပါတယ်။

ဖွံ့ဖြိုးဆဲတိုင်းပြည်တွေမှာ ဒီမိုကရေစီစနစ်တည်ဆောက်တဲ့အခါ ဒီလို စီးပွားရေး၊ လူမှုရေးတိုးတက်မှုတွေမရှိရင် ဒီမိုကရေစီစနစ်ကို ခိုင်မြဲအောင်တည်ဆောက်ဘို့ မဖြစ်နိုင်ကြောင်း ထောက်ပြပြောဆိုကြပါတယ်။ နိုင်ငံရေးပညာရှင် Lipset က စီးပွားရေးတိုးတက်လာတာနဲ့အမျှ ဒီမိုကရက်တစ်အုပ်ချုပ်ရေးစနစ် အကောင်အထည်ပေါ်လာနိုင်မယ့် အခွင့်အရေးတွေကို စီးပွားရေးတိုးတက်မှုနဲ့ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်တွေနဲ့ ဆက်နွယ်ပြီး အဆိုပြုထားခဲ့ပါတယ်။

ပညာရှင် Huntington ကလည်း ဒီမိုကရေစီစနစ်တည်ဆောက်ဘို့အတွက် လူထုလှုပ်ရှားမှုတွေ၊ သမဂ္ဂလှုပ်ရှားမှုတွေ နည်းပါးရမယ်လို့ အဆိုပြုထားပါတယ်။ လူထုလှုပ်ရှားမှုတွေကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကြီးအဖြစ် တည်ဆောက်ပြီးမှသာ ခွင့်ပြုရမယ်လို့ သူ့ရဲ့ခေတ်သစ် Modernization Theory မှာဖော်ပြထားပါတယ်။ ပညာရှင် Moore ကကျတော့ Lipset ရဲ့ လူမှုရေး၊ စီးပွားရေးတိုးတက်မှုလိုအပ်ချက် အခြေအနေတွေကို လက်ခံထားခဲ့ပေမယ့် လူထုလှုပ်ရှားမှုတွေကလည်း အရေးကြီးကြောင်း ပထမပိုင်း ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်လို့ ခေါ်ဆိုကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စုနိုင်ငံတွေကို ဥပမာပေးပြီးဆိုထားခဲ့ပါတယ်။

ဒီသဏ္ဌာန်ဟာ နိုင်ငံအချို့ရဲ့ပြောင်းလဲမှုဖြစ်စဉ်မှာ မှန်ကန်ပေမယ့် ပေါ်တူဂီ၊ ဂရိ၊ ပီရူးတို့မှာကျတော့ မမှန်ကန်ခဲ့ပါဘူး။ ဘာလို့လည်းဆိုတော့ ဒီနိုင်ငံတွေမှာ စီးပွားရေး၊ လူမှုရေးတိုးတက်မှု Preconditions တွေမရှိဘဲ ဒီမိုကရေစီစနစ်အကောင်အထည်ပေါ်လာခဲ့တာဖြစ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံကြီးတွေဖြစ်တဲ့ အာရှင်တီးနား၊ ဘရာဇီးလ်၊ ချီလီ၊ တောင်ကိုရီးယားနိုင်ငံတွေမှာကျတော့ ဒီမိုကရေစီပြောင်းလဲမှုက ဒီဖွံ့ဖြိုးဆဲနိုင်ငံလေးတွေနောက်မှာမှ စတင်ခဲ့တာဖြစ်ပါတယ်။

တချို့ကကျတော့ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်ဆိုတာကို Transitology ဆိုတဲ့ Elite တွေကဘဲ ဦးဆောင်ပြောင်းလဲတဲ့ဖြစ်စဉ်အနေနဲ့ ရှုမြင်ကြပါတယ်။ ဒီဖြစ်စဉ်မှာကျတော့ Resurrection of Civil Society ဆိုတဲ့အခြေအနေက အဓိကကျပါတယ်။ ဒီအခြေအနေက ပြည်သူလူထု၊ ကျောင်းသား၊ အလုပ်သမား၊ ဘာသာရေးအဖွဲ့အစည်းတွေအားလုံးက ကနဦးဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ် Initial Democratization ကို လူထုအားနဲ့တွန်းအားပေးလိုက်တာ ဖြစ်ပါတယ်။

ဒီပြောင်းလဲမှုဖြစ်စဉ်မှာ လူထုရဲ့အခန်းကဏ္ဍက Initial Democratization ကို စတွန်းခဲ့တဲ့ ဒီမိုကရေစီအရေးတော်ပုံကြီးတွေမှာ ဆန္ဒပြပွဲတွေ၊ Street Theatre တွေမှာ ပါဝင်မှုဖြစ်ပါတယ်။ ဒီလိုတွန်းအားပေးလိုက်တဲ့အခါမှာ အာဏာရှင်အုပ်စုနဲ့ ဒီမိုကရေစီအုပ်စုဆိုတဲ့ အင်အားစုကြီးနှစ်ရပ် ထွက်ပေါ်လာပါတယ်။ ဒီအုပ်စုနှစ်ရပ်ကနေ ခေါင်းဆောင် Elite တွေပေါ်ထွက်လာပါတယ်။

ဒီ Elites တွေဟာ ဒီမိုကရေစီလှုပ်ရှားမှုကြီးကနေ ပေါ်ထွက်လာတာဖြစ်ရုံမက လှုပ်ရှားမှုရဲ့ရလဒ်ကိုပါ ထိန်းချုပ်နိုင်တဲ့ အင်အားစုတွေဖြစ်ပါတယ်။ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ် ဆက်လက်အကောင်အထည်ဖော်ဆောင်နိုင်သလား၊ ရပ်တန့်ပြီး Political Deadlock ဖြစ်သွားလာဆိုတာကတော့ ဒီမိုကရေစီဘက်ကခေါင်းဆောင်တွေဟာ လူထုတိုက်ပွဲအရှိန်ကောင်းစဉ်မှာ ဖွဲ့ရမယ့် အတိုက်အခံဦးဆောင်ကြားဖြတ်အစိုးရ သို့မဟုတ် အာဏာရှင်နဲ့တွဲဘက် ဖွဲ့စည်းရမယ့် ပါဝါရှယ်ယာကြားဖြတ်အစိုးရ စတဲ့ ကြားဖြတ်အစိုးရတွေကို ဖွဲ့စည်းနိုင်တဲ့ အရည်အချင်းနဲ့ အမြော်အမြင် ရှိ မရှိဆိုတာမှာ မူတည်ပါတယ်။

ဒါကြောင့် ဒီပြောင်းလဲမှုဖြစ်စဉ်မအောင်မြင်ဘူးဆိုရင် ဒါဟာ လူထုကြီးကြောင့်မဟုတ်ဘဲ လူထုကြီးရွေးချယ်လိုက်တဲ့ Elite တွေရဲ့ အရည်အချင်း၊ အတွေးအခေါ်၊ စီမံလုပ်ကိုင်ပုံနဲ့ဘဲ ဆိုင်ပါတယ်။ ဒီလို Elite တွေက ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်ကို အကောင်အထည်မဖော်နိုင်တော့ဘူးဆိုတာ သေချာလာတဲ့အခါ နောက်တကြိမ် လူထုတိုက်ပွဲတွေ ထပ်မံပေါ်ထွက်ရပြန်ပါတယ်။ Cycle of Protests လို့ ခေါ်ဆိုနိုင်ပါတယ်။

အဲဒီအခါမှာ ဒီလူထုတိုက်ပွဲကနေ Elite တွေ ထပ်ထွက်လာနိုင်ပါတယ်။ ဒီဖြစ်စဉ်မှာ တခုသတိထားစရာရှိတာက ရှေ့ပိုင်း လူထုတိုက်ပွဲတွေက Elite တွေရဲ့ အခန်းကဏ္ဍဘဲဖြစ်ပါတယ်။ လူထုတိုက်ပွဲတွေဖြစ်လာပြီး ထပ်မံထွက်ပေါ်လာတဲ့ Elite အသစ်တွေက ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်ကို အောင်အောင်မြင်မြင် စတင်သွားမှာကို ရှေ့ကတချို့ Elite တွေက စိုးရိမ်တတ်ပါတယ်။ ဒီအခါမှာ ဒီလိုစိုးရိမ်တဲ့ Elite တွေထဲမှာ လုပ်ဆောင်ပုံ ပုံစံနှစ်မျိုးထပ်ထွက်လာပါတယ်။ ပထမတမျိုးက လူထုတိုက်ပွဲတွေထပ်ပြီး မပေါ်လာအောင် နည်းမျိုးစုံနဲ့တားဆီးတာဖြစ်ပါတယ်။ ရှေ့လည်းမတက်၊ နောက်လည်းမဆုတ်တဲ့ ပိုနေမြဲ ကျားနေမြဲ ပုံစံပါ။

ဒုတိယတမျိုးကတော့ လူထုလှုပ်ရှားမှုအားကောင်းလာတဲ့အခါ နေရာဝင်ယူဘို့ကြိုးစားတာတွေဖြစ်ပါတယ်။ ခေါင်းဆောင်သစ်တွေ ထပ်မထွက်လာအောင် ရှေ့ပိုင်းကနေ ပိတ်ပင်ထားမှုတွေ လုပ်လေ့ရှိပါတယ်။ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်မှာ Political Deadlock ဖြစ်သွားတဲ့ နိုင်ငံတွေရဲ့ ဒီမိုကရေစီအင်အားစုတွေအကြားမှာ ဖြစ်လေ့ရှိတဲ့ နေရာယူမှုတွေ၊ အချင်းချင်းတိုက်ခိုက်ပြောဆိုမှုတွေ၊ မျိုးဆက်သစ်လက်ဆင့်ကမ်းမှု အားနည်းတာတွေ၊ ကျဆုံးခဲ့တဲ့အတွေ့အကြုံနဲ့ ဖြတ်သန်းမှုကို ဂုဏ်ဖော်ပြောဆိုမှုတွေ အားလုံးဟာ ဒီသဘောတရားမှာအခြေတည်ပါတယ်။

ဒီမိုကရေစီအင်အားစုတွေမှာ ဒီလို Elite တွေများနေရင် နောက်တကြိမ် လူထုတိုက်ပွဲကနေ ထပ်ထွက်လာမယ့် Elite တွေရဲ့အခန်းကဏ္ဍကို ကန့်သတ်လိုက်သလိုဖြစ်သွားတာကြောင့် ပြောင်းလဲမှုဖြစ်စဉ်အောင်မြင်ဘို့ ခက်ခဲတတ်ပါတယ်။ အမြော်အမြင်ကြီးမှု၊ ကိုယ်ကျိုးထက် အများအရေးကို ဦးစားပေးစဉ်းစားမှုတွေရှိဘို့က ဒီအသွင်သဏ္ဌာန်အောင်မြင်မှုရဲ့ သော့ချက်ပါဘဲ။

**ရွှေ့ပတ်ဆက်လက်ဖော်ပြပါမည်**

# ဝတ်ပြုသူတွေကို အကြမ်းဖက်မှုတွေ အာဏာပိုင်များမှ ပြန်လည်စတင်လာ

**DVB ၊ ဩဂုတ် ၁၈ ။** ။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့ ဝတ်ပြုဆုတောင်းသူတွေကို အကြမ်းဖက်မှုတွေ၊ ရန်စမှုတွေ မနေ့နဲ့ ဒီနေ့ ဆက်တိုက်ဖြစ်ပွားခဲ့ပါတယ်။

မန္တလေးတိုင်း မိတ္ထီလာမြို့နယ်က အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးနဲ့ အပေါင်းပါ တချို့ အဖြူရောင်ဝတ်စုံ ဆင်းမြန်းပြီးသွားရာမှာ မနေ့က လေးဂွနဲ့ ပစ်ခတ်ခံခဲ့ရပါတယ်။ ဒီမနက်မှာလည်း သူတို့အဖွဲ့ကို လေးဂွနဲ့ပစ်ခတ်ဖို့ ပြင်နေတုန်း ဒေသခံတွေက ဝင်ဟန့်တားတဲ့အတွက် ထွက်ပြေးသွားကြပါတယ်။ ထွက်ပြေးသူတယောက်ကို စကားပြောစက်ကိုင်သူတဦးက ဆိုင်ကယ်နဲ့ခေါ်သွားတာကြောင့် အာဏာပိုင်တွေနဲ့တစုံတရာ ပတ်သက်တယ်ဆိုတာ သံသယမဟုတ်ဘူးလို့ မျက်မြင်မြို့ခံ တချို့ကပြောပါတယ်။

နေ့ခင်းပိုင်းမှာတော့ ဒေါ်မြင့်မြင့်အေးတို့ အုပ်စုနောက်ကို ဆိုင်ကယ်တစီးနဲ့ ဝါးရင်းတုတ်ကိုင်ဆောင်ထားတဲ့ အသက်ငါးဆယ်အရွယ်နှစ်ဦး လိုက်ပါတာတွေ့ရတယ်။ ဒါပေမယ့် အဖြူရောင် လှုပ်ရှားမှုလုပ်ဆောင်သူတွေကို ဒေသခံတွေ မျက်စိအောက်မှာမို့ တစုံတရာ ထိုးကြိတ်ရိုက်နှက်မှုတော့ မဖြစ်ခဲ့ပါဘူး။ ဝါးရင်းတုတ်ကိုင်နှစ်ယောက်ဟာ မိတ္ထီလာမြို့က ရဲစခန်းရှေ့မှာ ထိုင်နေပေမယ့်လည်း ဘာမှ တစုံတရာအရေးယူခံရတာမရှိဘူးလို့ မျက်မြင်မြို့ခံတွေက ပြောပါတယ်။ ဒီလိုဖြစ်ရပ်နဲ့ ပတ်သက်လို့ ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"အကြမ်းဖက်မှုတွေနဲ့တော့ တိုင်းပြည်ရဲ့အခြေအနေတွေ ပြီးဆုံးမသွားနိုင်ပါဘူး။ တိုင်းပြည်က ဒီလောက်ကြီးထိ ဒုက္ခရောက်နေတဲ့ အနေအထားမှာ ဒီအကြမ်းဖက်မှုတွေနဲ့ တချိန်လုံးဖြေရှင်းခဲ့တယ်။ တကယ်တော့ ဒီအကြမ်းဖက်မှုတွေက အာဏာပိုင်အဖွဲ့အစည်းမှာ တာဝန်ရှိတယ်ဆိုတာတော့ အားလုံးကအသိပါ။ ဒီနေ့ဆိုရင် အာဏာပိုင်အဖွဲ့အစည်း ရဲတို့ဘာတို့က သူတို့ပြောတာမဟုတ်ဘူး၊ သူတို့လုပ်တာမဟုတ်ဘူး၊ မနေ့ကဆိုရင် မယက ကနေ ရယက ဥက္ကဋ္ဌတွေကို တရားဝင်တယ်လီဖုန်းနဲ့ ပြောခိုင်းနေတာတွေက သူတို့ လုပ်တာမဟုတ်ပါဘူးလို့ပြောနေပေမယ့် သူတို့ရဲ့လက်အောက်မှာ နေနေရတဲ့ တိုင်းသူပြည်သားများ ငြိမ်ဝပ်ပိပြားနေအောင် နေနေရတဲ့အနေအထားမှာ ဒီလက်နက်တွေကို ကိုင်တယ်ဆိုတာက သူတို့ရဲ့ စေခိုင်းမှုသာဖြစ်မယ်လို့ ကျမတို့မြင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အကြမ်းဖက်နေတဲ့ စွမ်းအားရှင်တွေဟာ ဒီကိစ္စက ကိုယ့်အိမ်ကြက်ခြင်း အိုးမဲသုတ်မယ့် ကိစ္စပါလားဆိုတာ သိစေမြင်စေချင်ပါတယ်။ ဒီလိုမျိုးပြုလုပ်ခြင်းအားဖြင့် အားလုံးက ရေမရ၊ မီးမရ ဒုက္ခခံစားနေရတဲ့ တိုင်းသူပြည်သားချင်း အတူတူ အကြမ်းဖက်မှုက တိုင်းပြည်မှာ ပြီးဆုံးမသွားဘူး။ ငါတို့ဟာမလုပ်သင့်ဘူးဆိုတာကို စွမ်းအားရှင်များ ကြံ့ဖွံ့များလည်းသိစေချင်ပါတယ်။ ကျမတို့ကတော့ ငြိမ်းချမ်းစွာဆန္ဒကို ဆက်လက်ပြီး ထုတ်ဖော်မှာဖြစ်ပါတယ်။"

လွန်ခဲ့တဲ့တမြန်နေ့ကလည်း မြင်းခြံအဖွဲ့ချုပ်ဝင်တွေနဲ့ တောင်သာ အဖွဲ့ချုပ်ဝင်တွေ အဖြူရောင်လှုပ်ရှားမှုအဖြစ် လမ်းလျှောက်တာကို တောင်သာမြို့ကြံ့ခိုင်ရေးအသင်းဝင်တဦးက ကားနဲ့လိုက်တိုက်တဲ့အတွက် နှစ်ယောက်ပွန်းပဲ့ဒဏ်ရာရခဲ့ပါသေးတယ်၊ ဒီနေ့ရန်ကုန်မြို့မှော်ဘီမှာလည်း ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ငြိမ်းငြိမ်းချမ်းချမ်း အဖြူရောင်ဆင်မြန်း ဆုတောင်းသူတွေကို မှော်ဘီမြို့နယ် အေးချမ်းဖြိုး ဥက္ကဋ္ဌကိုယ်တိုင်ဦးဆောင်ပြီး အနှောင့်အယှက် အဟန့်အတားလုပ်ခဲ့ပါတယ်။

"မယက ကိုယ်တိုင်လာပြီး စောင့်ကြည့်နေတယ်။ ညဆိုရင် ကျနော်တို့ကို ဝတ်ပြုမဆုတောင်းရဲအောင် လို့ပေါ့။ လာပြီးတော့ နှောင့်ယှက်တာ၊ ခြိမ်းခြောက်တာရှိတယ်။ ကျနော်တို့လူ ၅ ယောက်ထက် ကျော်ရင် ဖမ်းဆီးမယ်တို့၊ ဘုရားသွားလို့ရှိရင် ဖမ်းမယ်ဆီးမယ်ပြောတယ်။ ဝတ်ပြုမဆုတောင်းရဘူး နောက်ပြီးတော့ လမ်းမလျှောက်ရဘူးဆိုတဲ့ပုံစံမျိုးတွေ အဖွဲ့ဝင်တွေကိုလိုက်ပြီး ခြိမ်းခြောက်တာ ကျနော်တို့က တွေ့ရတယ်။"

ဒီလိုအလားတူပုံစံ အကြမ်းဖက်မှုတွေဟာ ၂၀၀၃ ခုနှစ် ဒီပဲယင်း အကြမ်းဖက်မှု မန္တလေး မတ္တရာမြို့နယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းလွင် သံလက်သီးနဲ့ထိုးခံရမှု၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူ ဦးမြင့်အေး ချောင်းရိုက်ခံရမှု၊ လှိုင်သာယာမြို့နယ်က အဖွဲ့ချုပ်ဝင်ဦးတင်ယု ချောင်းရိုက်ခံရမှုစတဲ့ အကြမ်းဖက်မှုတွေနဲ့ ပုံစံတူနေပါတယ်။ အာဏာပိုင်တွေက ကျူးလွန်သူတွေကို မဖမ်းဆီးပေမယ့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ အပါအဝင် အကြမ်းဖက်တိုက်ခိုက်ခံရသူတွေသာ ထောင်ဒဏ်ပြစ်ဒဏ်ပေးခဲ့တဲ့ သာဓကတွေလည်းရှိခဲ့ဖူးကြောင်း သိရပါတယ်။

# စစ်တောင်းမြစ်ရေကြီး၍ လယ်ကေပေါင်းများစွာ ပျက်စီးဆုံးရှုံး

**DVB ၊ ဩဂုတ် ၁၉ ။** ။ ပဲခူးတိုင်းမှာ စစ်တောင်းမြစ်ရေနဲ့ ရွှေကျင်မြစ်ရေ တက်မှုကြောင့် မြစ်ဘေးတလျှောက်ရှိလယ်တွေပျက်စီးကုန်တယ်လို့သိရပါတယ်။

ပြီးခဲ့တဲ့ ၁၀ ရက်လောက်ကတည်းက စစ်တောင်းမြစ်ရေတက်နေတာကြောင့် တောင်ငူ၊ ရွှေကျင်၊ မဒေါက်နဲ့ ညောင်လေးပင်စတဲ့ ဒေသတဝိုက်က လယ်မြေတွေ ပျက်စီးကုန်တယ်လို့ ဒေသခံတွေက ပြောပါတယ်။ အထူးသဖြင့် မြစ်ဘေးတလျှောက်မှာရှိတဲ့လယ်မြေတွေမှာ အမြစ်မတွယ်သေးတဲ့ စပါးပင်တော်တော်များများ ပုပ်ကုန်တယ်လို့ ဒေသခံတဦးက ပြောပြပါတယ်။

"စပါးပင်က အမြစ်မစွဲသေးချိန်မှာ ရေလုံးဝမြုပ်သွားတော့ ပုပ်တာပေါ့။ စစ်တောင်းမြစ်ကမ်းမှာဆို ၁၀ ရက်လောက်ကိုတက်သွားတယ်။ ပုပ်သွားတဲ့ လယ်တွေက စစ်တောင်းမြစ်ရိုးတလျှောက်ဆိုတော့ ကေ ၁ သောင်းလောက်တော့ အနည်းဆုံးရှိလိမ့်မယ်။ ပြန်ထုတ်လို့လည်း မရတော့ဘူး၊ အဲ့ဒီပုပ်သွားတဲ့ လယ်တွေကို ပြန်ပြီးတော့ပြန်ဖာ၊ စိုက်ပျိုးဖို့ဆိုတာ အခက်အခဲရှိသွားပြီ၊ ပျိုးပင်တွေက ပျိုးထောင်ဖို့ဆို နောက်ထပ် တလလောက် ကြာဦးမယ်။"

လယ်သမားတွေအနေနဲ့ စိုက်ပြီးသားစပါးတွေတောင် ချေးငှားပြီး စိုက်ခဲ့ရတဲ့အတွက် နောက်ထပ်စိုက်ဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူးလို့ သူကပဲပြောပါတယ်။

"အမတော်ကြေး စိုက်ဘဏ်ထုတ်ချေးတာက တကေကို ၈ ထောင်။ ၁၅ ကေ၊ ကေ ၂၀ ရှိလည်း ၁၀ ကေအထိပဲ ချေးငွေရတယ်။ ၁၀ ကေကို ၈ သောင်းဆိုတာက တကယ်သုံးကြည့်တော့ တကေရဲ့အရင်းအနှီးတောင်မရှိဘူး။ ဓာတ်မြေဩဇာ၊ စက်သုံးဆီ၊ မျိုးစပါးတွေ ပံ့ပိုးတာလည်း မရှိတော့ လှည်းရှိတဲ့လူက လှည်းတွေပေါင်၊ ထွန်စက်ရှိတဲ့လူက ထွန်စက်တွေရောင်း၊ အဲလိုနည်းနဲ့ပဲ စိုက်စရိတ်ရှာ၊ ဘေးကနေ အတိုးကြီးနဲ့ရှာပြီး ရင်းနှီးရတာ၊ မမြုပ်ခင်က စိုက်ထားတာတောင် ချေးငှားစိုက်ထားတာ။ နောက်ချေးငှားဖို့လည်းမလွယ်ဘူး။ ရာသီချိန်လည်းမမီတော့ဘူး။ ဒီလို အခက်အခဲတွေရှိနေတာကြောင့် ဒီနှစ်အတွက် စပါးအထွက်နှုန်းက တကေကို အနည်းဆုံးပျမ်းမျှ ၆၀ သာ ထပ်တွက်ကြည့်လိုက်လေ။ ကေတသောင်း ဆိုလို့ရှိရင် တင်း ၆ သိန်း လောက်တော့ လျော့သွားပြီပေါ့"။

ရေကြီးလို့ လယ်သမားတွေ စပါးခင်းတွေပျက်စီး ဆုံးရှုံးရသလို လက်လုပ်လက်စားသမားတွေလည်း သွားရေးလာရေး အခက်အခဲကြောင့် အများကြီးဆုံးရှုံးရတယ်လို့လည်း သူက ပြောပါတယ်။

အထူးသဖြင့် တနေ့လုပ်တနေ့စားရတဲ့ သူတွေအတွက် ဘယ်နေရာမှသွားလာလို့မရတာကြောင့် ပိုပြီးဒုက္ခရောက်ကြရတယ်လို့ ပြောပါတယ်။ စစ်တောင်းမြစ်ရေဟာ ပြီးခဲ့တဲ့ ၇ ရက်နေ့ကတည်း က စတက်ခဲ့ပြီး အခုနည်းနည်းရေပြန်ကျသွားပြီ ဖြစ်ပေမယ့် ဒီနေ့မနက်ကနေ ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်ဟာ တောင်ငူမြို့မှာ ၆၀၀ စင်တီမီတာ ရောက်ရှိနေနိုင်ကြောင်း ဒီနေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြထားပါတယ်။


THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 447 Aug 16, 2009
back to the future
POWER
GAME OVER
2011
DEMO
ROAD MAP 7
2010
ELECTION
ROAD MAP
6
5
mr Burma 09

# အမေရိကန်အထက်လွှတ်တော်အမတ်နဲ့အတူ ရေကူးချိုးပီယံယက်ထောပြန်ပါသွား

**RFA ၊ ဩဂုတ် ၁၆ ။** ။ အမေရိကန်အထက်လွှတ်တော်အမတ် Jim Webb ဟာ သုံးရက်ကြာ မြန်မာနိုင်ငံခရီးစဉ်ပြီးဆုံးလို့ ဒီနေ့ နေလည် ၁ နာရီခွဲလောက်မှာ ရန်ကုန်လေဆိပ်ကနေ ထွက်ခွာပြီး အခုအခါ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ကို ရောက် ရှိသွားပြီဖြစ်ပါတယ်။

Mr. Jim Webb နဲ့အတူ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ထဲကို ရေကူးဝင်ရောက်ခဲ့တဲ့ အမေရိကန်နိုင်ငံသား John Yettaw လည်း ထောင်ဒဏ်ကကင်းလွှတ်ပြီး အမေရိကန်ပြည်ထောင်စုကို ပြန်လည်လိုက်ပါသွားပါတယ်။ ရန်ကုန်လေဆိပ်မှာ ၁၅ မိနစ်အကြာပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ Mr. Jim Webb က ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးဘို့ မြန်မာအစိုးရခေါင်းဆောင်တွေကို ပန်ကြားခဲ့ကြောင်း၊ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့အနေနဲ့မျှော်လင့်ချက်ရှိပါကြောင်း ဖြေကြားခဲ့ပါတယ်။

အထက်လွှတ်တော်အမတ် Mr. Jim Webb က ရန်ကုန်သတင်းထောက်တွေကိုပြောကြားရာမှာ မြန်မာစစ်အစိုးရ ထိပ်တန်းခေါင်းဆောင်တွေနဲ့ တွေ့ဆုံရာမှာ ပန်ကြားချက် ၃ ခုကို တောင်းဆိုခဲ့ကြောင်း၊ ပထမတချက်က အမေရိကန်နိုင်ငံသား John Yettaw ကို ပြန်လွှတ်ပေးဘို့ဖြစ်ကြောင်း၊ ဒုတိယတချက်က ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခွင့်ပေးဘို့ဖြစ်ကြောင်း၊ တတိယတချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရေးစဉ်းစားဘို့ဖြစ်ကြောင်း၊ ဒီအချက်ဟာ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ အမေရိကန်ပြည်ထောင်စုတို့က ကာလရှည်ကြာ တောင်းဆိုနေချက်ဖြစ်ကြောင်း ပြောဆိုသွားပါတယ်။

ဒီသတင်းစာရှင်းလင်းပွဲမှာ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ပြစ်ဒဏ်ချိုးဖောက်မှုအတွက် အမိက တရားခံဖြစ်သူ John Willian Yettaw တက်ရောက်ခြင်းမရှိဘဲ အကျဉ်းထောင်ကနေ လေဆိပ်ကို အာဏာပိုင်တွေက တိုက်ရိုက်ပို့ပေးတာဖြစ်တယ်လို့ အရာရှိတဦးကို ကိုးကားပြီး AP သတင်းမှာဖော်ပြထားပါတယ်။

အထက်လွှတ်တော်အမတ်ရဲ့ သုံးရက်တာခရီးစဉ်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးပါတီတွေကိုလည်း တွေ့ဆုံခဲ့ပါတယ်။ NLD ပါတီက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်းကတော့ ဒီခရီးစဉ်ကနေ အမျိုးသားရင်ကြားစေ့ရေး ဖြစ်လာနိုင်တယ်လို့ သုံးသပ်ခဲ့ပါတယ်။ ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းကတော့ ဒီခရီးစဉ်နဲ့ပတ်သက်ပြီး အခုလိုသုံးသပ်ပါတယ်။

“Yettaw ကို သူနဲ့အတူပြန်ပြီးလွှတ်ပေးလိုက်တယ်ဆိုတာ သူကတော့ ဆုလာဒ်ကြီးတခုတော့ ရသွားတာပေ့ါ။ ကျန်တာကတော့ သူ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ ထောင်ချထိန်းသိမ်းထားတဲ့ နိုင်ငံရေးသမား ပုဂ္ဂိုလ်တွေကိုပါလွှတ်ပေးပါဆိုပြီး ပြောသွားတယ်ဆိုပြီး ကြားရပါတယ်။ ဘာဘဲဖြစ်ဖြစ် အခု Mr. John Yettaw ကို လွှတ်ပေးနိုင်ရင် တကယ့် အဓိက တရားခံကသူဘဲ။ သူ့ကြောင့် ဒေါ်အောင်ဆန်းစုကြည်က သုံးနှစ်ကျရတယ်။

သုံးနှစ်ကို ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးဖြစ်လို့ လျှော့ပြစ်ပြီးတော့ ၁၈ လဘဲ အိမ်မှာနေပြီး အကျယ်ချုပ်သဘောမျိုး နေစေဆိုပြီးတော့ ချပေးခဲ့တယ်။ အမှန်ကတော့ John Yettaw လို ပုဂ္ဂိုလ်တောင်မှ တကယ့်တရားခံကိုတောင်မှ လွှတ်ပေးနိုင်ရင် ဒေါ်အောင်ဆန်းစုကြည်ကို ဘာလို့ လွှတ်မပေးနိုင်ရတာလဲ။ ဘာကြောင့် အဲဒီလောက် အာဃာတကြီးရတာလဲ။ ဒီလိုသဘောမျိုးကိုမေးစရာဖြစ်လာတယ်။”

မြန်မာနိုင်ငံကနေ ဒီကနေ့မှာထွက်ခွာသွားတဲ့ အမေရိကန်အထက်လွှတ်တော်အမတ်ရဲ့ ခရီးစဉ်အပေါ် သခင်ချန်ထွန်းသုံးသပ်သွားတာဖြစ်ပါတယ်။

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

To

AIR MAIL

PRINTED MATTER